ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ (7-4-2004) (၄၁၉၉)

အပ္ပမာဒေါ စ ဓမ္မေသု တော မင်္ဂလ မုတ္တမံ။

တရားၵ၌ မမေ့မလျော့ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။

(ယာပုံနှင့်အောက်ပုံ) (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်

ရန်ကုန် ဧပြီ ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာ၏ ဖိတ်ကြားချက်အရ ဧပြီ ၄ရက်မှ ၆ရက်အထိ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်လည်ပတ်ခဲ့ပြီးနောက် ယနေ့ ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့် ပြန်လည်ရောက်ရှိလာသည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊

စာမျက်နှာ ၂ ကော်လံ ၃ သို့ ☆

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၇-၄-၂၀၀၄
(ဗုဒ္ဓဟူးနေ့)

မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲ ရိုးရာယဉ်ကျေးမှုနှင့်အညီ ဆင်နွှဲ

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်သည် မြန်မာလူမျိုးများ အမြတ်တနိုးတန်ဖိုးထားကြသည့် ရိုးရာပွဲတော်ကြီးဖြစ်သည်။ မြန်မာနိုင်ငံတွင် တစ်ဆယ့်နှစ်လရာသီပွဲများရှိသည့်အနက် တန်ခူးလတွင် ကျင်းပသော မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်မှာ အထူးခြားဆုံး၊ ပျော်ရွှင်ဖွယ်ရာအကောင်းဆုံး ဖြစ်သည်။ နွေရာသီ ပူပြင်းချိန်တွင် ရေဖျန်းပက်ကစားကြရသော ရာသီပွဲဖြစ်၍ ပြည်သူအများ ပျော်ရွှင်ကြည်နူးချမ်းမြေ့ကြသည်။

နှစ်ဟောင်းကုန်၍ နှစ်သစ်ကူးမှုသည် လူမျိုးတိုင်း၏ သင်္ကေတ တစ်မျိုးပင်ဖြစ်သည်။ မြန်မာလူမျိုးတို့က နှစ်သစ်ကူးပွဲကို သင်္ကြန်ပွဲတော်ကျင်းပ၍ ဆင်နွှဲကြသည်။ နှစ်ဟောင်းမှ အညစ်အကြေးတို့ကို ဆေးကြောသည့်အနေဖြင့် နှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်တွင် ရေစင်ပက်ဖျန်းသွန်းလောင်းကာ သန့်စင်ကြသည်။

မြန်မာ့ရိုးရာအတာသင်္ကြန်သည် ပျော်ရွှင်ဖွယ်ရာကောင်းရုံသာမက မြန်မာတို့၏ ယဉ်ကျေးသိမ်မွေ့သော ထုံးတမ်းစဉ်လာ ဓလေ့စရိုက်များ လွှမ်းခြုံလျက်ရှိသည်။ ရှေးကာလက အတာသင်္ကြန်ပွဲများတွင် ငွေဖလားအတွင်း စန္ဒကူးနံ့သာ အမွှေးရည်များထည့်၍ မွှေးပျံ့နေသော ရေစင်ဖြင့် ယဉ်ကျေးသိမ်မွေ့စွာ သွန်းလောင်းကြသည်။ တစ်ဦးနှင့်တစ်ဦး သပြေခက်ဖြင့် ရေဖျန်းပက်၍ ကစားလေ့ရှိကြသည်။

နှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်တွင် အေးမြသောရေ၊ မွှေးပျံ့သောရေတို့ဖြင့် တစ်ဦးနှင့်တစ်ဦး ရင်းနှီးခင်မင်စွာ ပက်ဖျန်းကစားကြသည်။ ရေပက်သူရော၊ ရေပက်ခံရသူတို့ပါ ပျော်ရွှင်ကြည်နူးကြသည်။ ယင်းသို့သော မြတ်နိုးဖွယ်ရာ မြန်မာ့ရိုးရာမဟာသင်္ကြန်၏ ထုံးတမ်းအစဉ်အလာများကို ဆက်လက်ထိန်းသိမ်းကြရန် အထူးလိုအပ်သည်။

မြန်မာလူမျိုးတို့၏ စိတ်ရင်းဖြူစင်သည့်မနောက အတာရေ ပက်ဖျန်းခံရသည်ကိုပင် ကြည်နူးတတ်ကြသည်။ သို့သော် ကြမ်းတမ်းစွာ ရေပက်ကစားမှုကြောင့် ထိခိုက်အနာတရဖြစ်မှု၊ ခိုက်ရန်ဖြစ်ပွားမှုမျိုး မဖြစ်ပေါ်စေရန် ထိန်းသိမ်းကစားကြရမည် ဖြစ်သည်။

ထို့အပြင် အချို့သော လူငယ်လူရွယ်များအကြား ပြည်ပက ဝင်ရောက်ကူးစက်လာသည့် တိုင်းတစ်ပါးအမူအကျင့် ဓလေ့စရိုက် ဝတ်စားဆင်ယင်မှုများ သင်္ကြန်ပွဲတော်အတွင်း ဝတ်ဆင်ကူးဝင်မလာစေရေး သက်ဆိုင်ရာတို့က စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။

ယနေ့အချိန်အခါသည် မျိုးဆက်သစ်လူငယ်၊ လူရွယ်များအကြား မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များ မြတ်နိုးအလေးထား ထိန်းသိမ်းမှုများ တိုးပွားလာရေး အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်နေသည့် အချိန်ကာလဖြစ်သည်။ ထို့ကြောင့် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကြီးကို မြန်မာ့ယဉ်ကျေးမှုအစဉ်အလာများနှင့်အညီ ကျင်းပနိုင်ရေး၊ လူငယ်လူရွယ်များအပါအဝင် ပြည်သူအများ ပျော်ရွှင်ချမ်းမြေ့စွာ ပါဝင်ဆင်နွှဲနိုင်စေရေး ဝိုင်းဝန်းဖေးမစောင့်ရှောက်သွားကြရမည် ဖြစ်သည်။

သင်္ကြန်ပွဲတော်ရက်များအတွင်း ရေသဘင်ပွဲဆင်နွှဲသူများသည် ရိုးရာယဉ်ကျေးမှုဓလေ့စရိုက် ထုံးတမ်းအစဉ်အလာများနှင့် ဖီလာဆန့်ကျင်သည့် မလုံမခြုံ ဝတ်စားဆင်ယင်မှုများ၊ အမြင်ရိုင်းသော ဟီရိဩတ္တပ္ပတရားကင်းမဲ့သည့် ဝတ်စားဆင်ယင်မှုများ၊ မူးယစ်သောက်စား ရန့်ရင်းကြမ်းတမ်းပြီး ပတ်ဝန်းကျင်ကို ထိပါးနှောင့်ယှက်သည့် ပြုမူပြောဆိုမှုများ မပြုလုပ်မိစေရန် အထူးသတိထား ရှောင်ကြဉ်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ယခုလာမည့် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကြီး စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့်အညီ ပျော်ရွှင်ချမ်းမြေ့စွာ ရေကစားနိုင်ရေးတို့အတွက် ရေကစားသူ တစ်ဦးချင်း၊ တစ်ယောက်ချင်းက အသိတရားရှိရှိဖြင့် ထိန်းသိမ်းသွားကြရန်နှင့် မိဘ၊ အုပ်ထိန်းသူများအပါအဝင် တာဝန်ရှိသူအသီးသီးက ဝိုင်းဝန်းထိန်းသိမ်းကြပ်မတ်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

လော်ကားဥယျာဉ် ခေတ္တပိတ်ထားမည်

ရန်ကုန် ဧပြီ ၆

သစ်တောဦးစီးဌာန လော်ကားဥယျာဉ်ကို ဧပြီ ၁၂ ရက်မှ ၁၇ရက်အထိ သင်္ကြန်ရက်အတွင်း ခေတ္တပိတ်ထားမည်ဖြစ်ပြီး ဧပြီ ၁၈ရက်(နှစ်ဆန်းနှစ်ရက်နေ့)တွင် အများပြည်သူများ ပျော်ရွှင်စွာ အပန်းဖြေအနားယူနိုင်ရန်အတွက် ပြန်လည်ဖွင့်လှစ်ထားမည်ဖြစ်သည်။

(သတင်းစဉ်)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

☆ ရှေ့ဖုံးမှ

ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက၊ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဆိုင်မွန်တန်ဆင်ဒီခရစ်နှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံရုံး-သံရုံးယာယီတာဝန်ခံ မစ္စတာ ယူဆွတ်အလီနှင့် သံရုံးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များဖြစ်ကြသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းနှင့် ဌာနဆိုင်ရာအကြီးအကဲများလည်း ပြန်လည်လိုက်ပါလာကြသည်။ (သတင်းစဉ်)

အမျိုးသမီးရေးရာအဖွဲ့ကိုယ်စားလှယ်များ စုံညီအစည်းအဝေးတွင် ပါဝင်ကူညီခဲ့ကြသူများအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ

ရန်ကုန် ဧပြီ ၆

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြည်နယ်၊ တိုင်း အမျိုးသမီးရေးရာအဖွဲ့ကိုယ်စားလှယ်များ စုံညီအစည်းအဝေးတွင် ပါဝင်ကူညီခဲ့ကြသူများအား ဂုဏ်ပြုညစာတည်ခင်းသည့် အခမ်းအနားကို ယနေ့ညနေ ၆နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာနအဆောက်အအုံ(IBC)၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ တက်ရောက်ချီးမြှင့်ပြီး ကျေးဇူးတင်အမှာစကား ပြောကြားသည်။

တက်ရောက်

ဂုဏ်ပြုညစာစားပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ပါမောက္ခ ဒေါက်တာဒေါ်မေမေရီ၊ ဒေါ်ခင်လေးသက်၊ ဒေါ်သန်းသန်းနွဲ့၊ ဒေါ်ခင်ခင်ဝင်း၊ အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်အေးဝင်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေး၊ အကြံပေးပုဂ္ဂိုလ်များ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသူများနှင့် လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ လူငယ်သင်တန်း ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဂုဏ်ပြု ညစာစားပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ကျေးဇူးတင် အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အလှူရှင် ကြက်လျှာစွန်း ဒံပေါက်ဆိုင်ပိုင်ရှင် ဦးထွန်းမြင့်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များ စုံညီအစည်းအဝေးတွင် ပါဝင်ကူညီခဲ့ကြသူများအား ဂုဏ်ပြုညစာ တည်ခင်းသည့် အခမ်းအနားတွင် ကျေးဇူးတင်စကား ပြောကြားစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ အလှူရှင် ကြက်လျှာစွန်း ဒံပေါက်ဆိုင်ပိုင်ရှင် ဦးထွန်းမြင့်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် ဆင်နွှဲသူများလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာ ယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။

(ခ) ဗုဒ္ဓဘာသာယဉ်ကျေးမှုအဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။

(ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။

(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကိုဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမူပြောဆို၊ ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

သတိ

ရန်ကုန်မြို့တော်အတွင်း ဟွန်းမတီးရ

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံသို့ရောက်ရှိ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာက ဂုဏ်ပြုအခမ်းအနားဖြင့်ကြိုဆို

ရန်ကုန် ဧပြီ ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များလိုက်ပါလျက် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာ၏ ဖိတ်ကြားချက်အရ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ဧပြီ ၄ရက် နံနက် ၁၀နာရီခွဲတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဒါကာမြို့သို့ ထွက်ခွာခဲ့ကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဇီယာ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာက ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ခရီးဦးကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များလိုက်ပါလာသည့် အထူးလေယာဉ်သည် ဇီယာအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဒေသစံတော်ချိန် နံနက် ၁၁နာရီ ၄၅မိနစ်တွင် ရောက်ရှိရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းမြင့်နှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ဌာန အကြီးအကဲ Mr. Shameem Ahsan တို့က လေယာဉ်ပေါ်သို့ တက်ရောက်၍ ဧည့်သည်တော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များအား ခရီးဦး ကြိုဆိုနှုတ်ဆက်ကြသည်။

အမြောက် ၁၉ချက် ပစ်ဖောက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အထူးလေယာဉ်ပေါ်မှ ဆင်းလာသည်နှင့် အမြောက် ၁၉ချက် ပစ်ဖောက်ဂုဏ်ပြုသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာက လေယာဉ်လှေကားထိပ်မှ ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ဘင်္ဂလားဒေ့ရှ် ကလေးငယ်တစ်ဦးက ပန်းစည်း ပေးအပ်သည်။

အလေးပြုခြင်းခံယူ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့ သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာတို့သည် ဂုဏ်ပြုခံစင်မြင့်သို့ သွားရောက်၍ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက ပြည်ထောင်စုမြန်မာနိုင်ငံတော်သီချင်းနှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သီချင်းတို့ကို တီးမှုတ်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ ဇီယာ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိချိန်တွင် လေဆိပ်ပတ်ဝန်းကျင်တွင် မိုးရွာသွန်းနေမှုကြောင့် နိုင်ငံတော်ဝန်ကြီးချုပ်များ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည့်အစီအစဉ်မလုပ်တော့ဘဲ ဂုဏ်ပြုခံစင်မြင့်မှ ကြိုဆိုနေကြသည့် ပုဂ္ဂိုလ်များထံ ဆက်လက် ထွက်ခွာခဲ့ကြသည်။

မိတ်ဆက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာက ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိများ၊ အဆင့်မြင့် အရာရှိများနှင့် မိတ်ဆက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် လာရောက်ကြိုဆို နှုတ်ဆက်ကြသည့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဆိုင်ရာ သံတမန်အဖွဲ့ နာယက ပါလက်စတိုင်း သံအမတ်ကြီးဦးဆောင်သော သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများအား နှုတ်ဆက်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့ သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာတို့ ဂုဏ်ပြုခံစင်မြင့်မှ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။

(သတင်းစဉ်)

ဂါရဝပြုနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မိမိနှင့်အတူ လိုက်ပါလာကြသည့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်အား မိတ်ဆက်ပေးသည်။

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား သံအမတ်ကြီး ဦးသိန်းမြင့်၏ဇနီး ဒေါ်ခင်သန်းနု၊ စစ်သံမှူး ဗိုလ်မှူးကြီး ဟန်တင့်နှင့်ဇနီး ဒေါက်တာလဲ့လဲ့ဝင်း၊ သံရုံး၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများက ဂါရဝပြုကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့ သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာတို့၏ ပုံတူပန်းချီကားကြီးများကို လေဆိပ်အထူးဧည့်ဆောင်ရှေ့၌ ဂုဏ်ပြုချိတ်ဆွဲထားသည်။

နှစ်နိုင်ငံအလံလွှင့်ထူ

ထို့ပြင် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် မြန်မာ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုကြိုဆိုသည့်အနေဖြင့် လေဆိပ် အထူးဧည့်ဆောင်နှင့် ပတ်ဝန်းကျင်တွင်လည်းကောင်း၊ အဓိကလမ်းမကြီးများ တစ်လျှောက်နှင့် လမ်းဆုံများတွင်လည်းကောင်း နှစ်နိုင်ငံအလံများကို လွှင့်ထူထားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဆာဗား(Savar)ရှိ အမျိုးသားအာဇာနည်ဗိမာန် (National Martyrs, Memorial) သို့ ရောက်ရှိကြရာ Minister for Housing & Public Works, Mr. Mirza Abbas, State Minister for Liberation War Affairs, Prof. M. Rezual Karin နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

လွမ်းသူ့ပန်းခွေ

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အမျိုးသား အာဇာနည်ဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုသည်။

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အမျိုးသား အာဇာနည်ဗိမာန် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ် ရေးထိုးသည်။

ယင်းနောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အမျိုးသား အာဇာနည်ဗိမာန်၌ ပရဆေး အမျိုး အနွယ်သစ်ပင်ကို စိုက်ပျိုးသည်။

စာမျက်နှာ ၇ ကော်လံ ၂ သို့ ➪

အီရတ်တွင် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များအား ဆန့်ကျင်တိုက်ခိုက်မှုများ ပိုမိုပြင်းထန်လာ

ဧပြီ ၄ ရက်က ကူဖာမြို့ရှိ စပိန်အခြေစိုက်စခန်းကို ပြောက်ကျားများက ပစ်ခတ်တိုက်ခိုက်ရာ အမေရိကန်အထူးတပ်ဖွဲ့ဝင်များ နေရာယူနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၄ ရက်က အီရတ်နိုင်ငံ ကူဖာမြို့ ဆင်ခြေဖုံးရှိ စပိန်အခြေစိုက်စခန်း တိုက်ခိုက်ခံရမှုဖြစ်ပွားရာ ဆာဗေဒို တပ်ဖွဲ့ဝင်များ နေရာယူနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၄ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် အမေရိကန် ဆန့်ကျင်ရေး ဆန္ဒပြကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၄ ရက်က အီရတ်နိုင်ငံ မြို့တော် ဘဂ္ဂဒက် မြောက်ဘက်တွင် အမေရိကန် တပ်ဖွဲ့ဝင်များကို ခုခံတိုက်ခိုက်နေသော ပြောက်ကျားတစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၄ ရက်က အီရတ်နိုင်ငံ မိုဆူးလ်မြို့ရှိ အဝေးပြေးလမ်းမပေါ်တွင် အမေရိကန်စစ်ယာဉ်တန်းကိုပစ်မှတ်ထားသည့် လမ်းဘေးဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်များစောင့်ကြပ်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ
The Mirror

အီရတ်မြင်ကွင်း

ဧပြီ ၄ ရက်က အီရတ်နိုင်ငံ မိုဆူးလ်မြို့တွင် အရပ်သားများကို စစ်ဆေးမေးမြန်းနေသော အမေရိကန်တပ်ဖွဲ့ဝင်များအားတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၆၁၃ ဦး ရှိပြီ တိုက်ပွဲတွင် ဒဏ်ရာရသူပေါင်း ၂၉၈၈ဦးရှိ

ဘဂ္ဂဒက် ဧပြီ ၅

အီရတ်တွင် အမေရိကန် တပ်ဖွဲ့ဝင်အချို့ သေဆုံးကြောင်း ရက်သတ္တပတ်ကုန်က ကြေညာပြီးနောက် တနင်္ဂနွေနေ့တွင် သေဆုံးသည့် အမေရိကန် တပ်ဖွဲ့ဝင်ပေါင်း ၆၁၃ ဦး ရှိသွားပြီဖြစ်သည်။

အီရတ်နိုင်ငံတွင် လွန်ခဲ့သည့်နှစ်က စစ်ဆင်ရေးများ စတင်ပြီးနောက်ပိုင်း အီရတ်၌ သေဆုံးသည့် အမေရိကန် တပ်ဖွဲ့ဝင်ပေါင်း ၆၁၃ ဦးရှိသည်ဟု အမေရိကန် ကာကွယ်ရေးဌာနက တနင်္လာနေ့ နံနက်တွင် ကြေညာခဲ့သည်။

သေဆုံး

၎င်းတို့အနက် ၄၂၃ ဦးမှာ တိုက်ပွဲတွင် သေဆုံးခြင်းဖြစ်ပြီး ၁၉၀ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးရခြင်းဖြစ်သည်ဆို၏။

ထုတ်ပြန်ကြေညာ

အီရတ်၌ သေဆုံးသည့် တပ်ဖွဲ့ဝင်များ စာရင်းကို ထုတ်ပြန်ကြေညာရာ၌ ဗြိတိန်စစ်ဘက်က ဗြိတိန်တပ်ဖွဲ့ဝင် ၅၈ဦး၊ အီတလီ တပ်ဖွဲ့ဝင် ၁၇ဦး၊ စပိန်တပ်ဖွဲ့ဝင် ရှစ်ဦး၊ ဘူဂေးရီးယား တပ်ဖွဲ့ဝင်ငါးဦး၊ ယူကရိန်း တပ်ဖွဲ့ဝင် သုံးဦး၊ ဒိန်းမတ်၊ အယ်ဆာဗေဒို၊ အက်စတိုးနီးယားနှင့် ပိုလန်တို့က တပ်ဖွဲ့ဝင်တစ်ဦးစီ သေဆုံးကြောင်း ဖော်ပြကြသည်။

အမေရိကန် ကာကွယ်ရေးဌာနက သောကြာနေ့တွင် ကြေညာရာ၌ အီရတ်တွင် တိုက်ပွဲကြီးများ ပြီးဆုံးသွားပြီဖြစ်ကြောင်း သမ္မတဘုရှ်က မေ ၁ ရက်တွင် ကြေညာပြီးနောက် အီရတ်၌ သေဆုံးသည့် အမေရိကန် တပ်ဖွဲ့ဝင်ပေါင်း ၄၇၅ ဦး ရှိကြောင်း ဖော်ပြလိုက်သည်။ ယင်းတို့အနက် ၃၁၄ ဦးမှာ တိုက်ပွဲတွင် သေဆုံးပြီး ၁၆၁ ဦးမှာ အခြားသော အကြောင်းများကြောင့် သေဆုံးရခြင်းဖြစ်သည်ဟု ဖော်ပြပါရှိသည်။

အီရတ်တွင် စစ်ဆင်ရေး စတင်သည့် အချိန်မှစ၍ ဒဏ်ရာရ အမေရိကန် တပ်ဖွဲ့ဝင်ပေါင်း ၂၉၈၈ ဦး ရှိကြောင်း အမေရိကန် ကာကွယ်ရေးဌာနက ကြေညာသည်။ အီရတ်၌ နောက်ဆုံး သေသည့် အမေရိကန်တပ်ဖွဲ့ဝင်များမှာ စနေနေ့က မရိန်းတပ်သား နှစ်ဦးနှင့် တနင်္ဂနွေနေ့တွင် အမေရိကန်တပ်ဖွဲ့ဝင် ခုနစ်ဦးသေဆုံးသည်ဆို၏။ ***အင်တာနက်။***

ဘဂ္ဂဒက် အနောက်ပိုင်း၌ ပြောက်ကျားများ တိုက်ခိုက် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

ဘဂ္ဂဒက် ဧပြီ ၅

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် အနောက်ပိုင်းဒေသတွင် ပြောက်ကျားများ တိုက်ခိုက်မှု သီးခြားနှစ်နေရာတွင် ဖြစ်ပွားခဲ့ရာ အမေရိကန် မရိန်းတပ်ဖွဲ့ဝင် နှစ်ဦး သေဆုံးသွားခဲ့ကြောင်း အမေရိကန်စစ်ဘက်၏ ကြေညာချက်တွင် ဖော်ပြထားသည်။

တိုက်ခိုက်မှုခံရ

မရိန်းတပ်ဖွဲ့ဝင်တစ်ဦးသည် စနေနေ့က ဖြစ်ပွားသည့် တိုက်ခိုက်မှုတွင် သေဆုံးသွားခဲ့ပြီး အခြားတပ်ဖွဲ့ဝင်တစ်ဦးမှာ စနေနေ့က အခြားတစ်နေရာတွင် တိုက်ခိုက်မှုခံခဲ့ရပြီး ရရှိခဲ့သောဒဏ်ရာဖြင့် တနင်္ဂနွေနေ့က သေဆုံးခဲ့ကြောင်း စစ်ဘက်က ပြောကြားသည်။

၆၁၃ ဦးရှိပြီ

အမေရိကန်ဦးဆောင်သောတပ်များ အီရတ်နိုင်ငံအတွင်း ကျူးကျော် တိုက်ခိုက်ပြီးနောက် သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင် ဦးရေသည် ၆၁၃ ဦး အထိ ရှိသွားပြီဖြစ်သည်။

ကန်ထရိုက်လေးဦး သေဆုံး

ဘဂ္ဂဒက် အနောက်ပိုင်းဒေသနှင့် ဖော်လူဂျာမြို့တို့သည် အမေရိကန် တပ်ဖွဲ့ဝင်များကို ဆန့်ကျင်လှုပ်ရှားရာ ဒေသများဖြစ်သည်။ ယခုရက်သတ္တပတ် စောစောပိုင်းကလည်း ကားမောင်းနှင်လာသည့် အမေရိကန်နိုင်ငံသား ကန်ထရိုက် လုပ်ငန်းရှင်လေးဦး သေဆုံးခဲ့ပြီး ၎င်းတို့၏ မီးလောင်ထားသော အလောင်းများကို ဆန္ဒပြသူများက လမ်းမပေါ်မှ ဒရွတ်တိုက် ဆွဲယူသွားခဲ့ကြသည်။

ယင်းနေ့တွင်ပင် အမေရိကန်တပ်ဖွဲ့ဝင် ငါးဦးသည် ၎င်းတို့၏သံချပ်ကာ ကားအောက်မှ လမ်းဘေးထောင်ဗုံး ပေါက်ကွဲမှုကြောင့် သေဆုံးခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ဧပြီ ၅ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့၏ အဝင်အထွက်လမ်းများကို ပိတ်ဆို့ထားသည့် အမေရိကန်မရိန်း တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဖော်လူဂျာမြို့ အဝင်အထွက်လမ်းများကို ကန်တပ်ဖွဲ့ ပိတ်ဆို့ ကန်တပ်ဖွဲ့ကို ရှီးယိုက်တို့ကပါ ဆန့်ကျင်တိုက်ခိုက်

ဖော်လူဂျာ ဧပြီ ၆

အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များသည် အီရတ်နိုင်ငံ ဖော်လူဂျာမြို့ ပတ်ပတ်လည်ရှိ မြို့အဝင်အထွက် လမ်းများကို ပိတ်ပစ်လိုက်ပြီဖြစ်သည်။ ပိတ်ပစ်လိုက်သော လမ်းများတွင် မြို့တော်ဘဂ္ဂဒက်နှင့် ဂျော်ဒန်နိုင်ငံကို ဆက်သွယ်ထားသော အဝေးပြေးလမ်းမလည်း ပါဝင်သည်။

ဖော်လူဂျာမြို့တွင် ပေါက်ကွဲသံများ ပေါ်ထွက်ခဲ့သည်ဟု ဒေသဆိုင်ရာ သတင်းများ၌ ဖော်ပြသည်။ အီရတ်တောင်ပိုင်း ဘာဆာရာမြို့တွင် ငြိမ်းချမ်းစွာ ဆန္ဒပြနေသော အီရတ်လူအုပ်ကြီးက မြို့တော်ဝန်၏ ရုံးအဆောက်အအုံကို ဝင်ရောက်စီးနင်းသိမ်းပိုက်ခဲ့ရာ အမေရိကန်တပ်ဖွဲ့နှင့် ဆန္ဒပြသူများ ညှိနှိုင်းဆွေးနွေးလျက်ရှိသည်။ ဖော်လူဂျာမြို့တွင် တနင်္လာနေ့ ဒေသစံတော်ချိန် နံနက် ၄ နာရီခန့်မှစ၍ ရဟတ်ယာဉ်သံများနှင့် ဒုံးကျည် ပေါက်ကွဲသံများကို ကြားခဲ့ကြရသည်။

ပိတ်ဆို့ထား

ယင်း စစ်ရေးလှုပ်ရှားမှုသည် ဖော်လူဂျာမြို့တွင် အမေရိကန် အရပ်ဘက် ကန်ထရိုက်တာလေးဦး ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့က အပိုင်းပိုင်းဖြတ် သတ်ဖြတ်ခံခဲ့ရမှုအတွက် လက်တုံ့ပြန်မှုဟု ယူဆရသည်။ ဖော်လူဂျာမြို့အတွင်းသို့ ဝင်ထွက်နိုင်ခြင်း မရှိစေရန် အမေရိကန်တပ်ဖွဲ့က ပိတ်ဆို့ထားသည်။

ဆန့်ကျင်

အမေရိကန်တပ်ဖွဲ့သည် အီရတ်နိုင်ငံအား ထိန်းချုပ်ထားနိုင်ရန် ကြိုးပမ်းရာတွင် ဆွန်နီတို့နှင့် နှိုင်းယှဉ်ပါက ရှီးယိုက်တို့က ပူးပေါင်းဆောင်ရွက်သော သဘောရှိသော်လည်း ယခုအချိန်တွင် အမေရိကန်တပ်ဖွဲ့ကို ရှီးယိုက်တို့ကပါ ဆန့်ကျင်လျက်ရှိသည်။

အန္တရာယ်ဖြစ်လာ

အမေရိကန်တပ်ဖွဲ့နှင့် ရှီးယိုက် တို့ တင်းမာလာမှုသည် အမေရိကန်အတွက် အကြီးမားဆုံးသော ခြိမ်းခြောက်မှုအန္တရာယ် ဖြစ်လာသည်။

စီအင်န်အင်န်။

ဧပြီ ၅ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် အမေရိကန် ကျူးကျော်သိမ်းပိုက်မှုကို ရှီးယိုက်တို့က ဆန္ဒပြရာ အမေရိကန်တပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် ဆန္ဒပြသူများ ထွက်ပြေးကြစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

စပိန်တပ်ဖွဲ့ဝင်များပစ်ခတ်မှုကြောင့် အီရတ်သုံးဦးသေဆုံး ဒေသဆိုင်ရာ ယာယီအာဏာပိုင်ရုံးကို ကန့်ကွက်ဆန္ဒပြခဲ့

နာဂျက်ဖ် ဧပြီ ၅

အီရတ်နိုင်ငံတောင်ပိုင်းရှိ နာဂျက်ဖ်မြို့တွင် ပြီးခဲ့သောတနင်္ဂနွေနေ့က အီရတ်လူထုများသည် ရှီးယိုက်ခေါင်းဆောင်ကို ထောက်ခံကြောင်းဆန္ဒပြခဲ့ကြသည်။ ထိုဆန္ဒပြပွဲကို နှိမ်နင်းသည့် စပိန်တပ်ဖွဲ့ဝင်များ၏ လက်ချက်ကြောင့် အီရတ်သုံးဦး သေဆုံးသွားပြီး အများအပြား ဒဏ်ရာရရှိသွားသည်ဟု ဆိုသည်။

ပစ်ခတ်ခဲ့

ဒေသဆိုင်ရာ ယာယီအာဏာပိုင်ရုံးကို ဆန္ဒပြသူများက ဝိုင်းဝန်းဆန္ဒပြကြရာ အမေရိကန်ဦးဆောင်သော ညွန့်ပေါင်းတပ်ဖွဲ့တွင်ပါသော အင်အားစုတစ်ခုဖြစ်သည့် စပိန်တပ်ဖွဲ့ဝင်များက လူထုအတွင်း မောင်းပြန်လက်နက်များဖြင့် ပစ်ခတ်ခဲ့သည်ကို တွေ့မြင်ကြရကြောင်း မျက်မြင်သမားများက ဆိုသည်။

ဆန္ဒပြသူများကရှီးယိုက်ခေါင်းဆောင် ရှိတ်မော့ဒေးတားဆာဒါး၏ လက်ထောက် ရှိတ်မူဆာဖာရာကူဆီကို လွှတ်ပေးရန် တောင်းဆိုခဲ့ကြသည်ဟုဆိုသည်။ ၎င်းလက်ထောက်ကို စပိန်တပ်ဖွဲ့များက ထိန်းသိမ်းထားသည်ဟု ယူဆကြသည်။ ထို့အပြင် ဆန္ဒပြသမားများက အမေရိကန်တို့က ထုတ်ဝေခွင့်ပိတ်ထားသောအလ်ဟော်ဇာသတင်းစာ ပြန်လည်ထုတ်ဝေခွင့်ပေးရန်လည်း တောင်းဆိုခဲ့ကြသေးကြောင်း သိရသည်။

အင်တာနက်။

(၄၂)ကြိမ်မြောက် ငါးရက်တရားစခန်း ဖွင့်မည်

ရန်ကုန် ဧပြီ ၆

မြောက်ဥက္ကလာပမြို့နယ် ကျောက်ရေတွင်းရပ်ကွက် ဇောတိက(၁)လမ်း မဟာဝိသုဒ္ဓါရုံကျောင်းတိုက် မိုးကုတ်ဓမ္မရိပ်သာအဖွဲ့ခွဲ (၁၈၈) တွင် ဧပြီ ၁၃ ရက်နေ့မှစပြီး တရားစခန်းဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းပွဲတွင် ဆရာတော်ဦးဇောတိက၊ ဦးဝဏ္ဏိတ ဆရာတော်နှစ်ပါးနှင့် နယ်လှည့်သာသနာပြုဓမ္မကထိက ဆရာကြီးဦးသိန်းမြင့်တို့က ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်သော တရားများ ဟောကြားမည်ဖြစ်ရာ တရားစခန်းဝင်လိုသူယောဂီများ ဧပြီ ၁၂ ရက် ညနေ ၃ နာရီ အရောက်လာကြရန် နှိုးဆော်ထားသည်။ (က-ပ)

ခြိုးခြံချွေတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်

ဒီမိုကရေစီ သို့မဟုတ် အကောင်အထည်ဖော်ရန် ခက်ခဲသည့် စိတ်ကူးတစ်ရပ်

Steven Erlanger

(၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၁၆-၂၂ သီတင်းပတ်အတွက် ထုတ်ဝေသည့် နယူးယောက်တိုင်းမ် (The New York Times) အပတ်စဉ်စာစောင်ပါ စတီဗင်အာလန်ဂျာ(Steven Erlanger)၏ Democracy: A Hard Idea to Translate ဆောင်းပါးကို ဘာသာပြန်ဆို ဖော်ပြပါသည်။)

ခေတ်သစ်ရုရှားနိုင်ငံတွင် အချိန်အတန်ကြာသည်အထိ ဟိတ်ဟန်ထုတ်၍ တွင်ကျယ်အောင် နေလာခဲ့သည့် ယခင်ဆိုဗီယက် ကွန်မြူနစ်ပါတီမှ နောက်လိုက်အရာရှိတစ်ဦးဖြစ်သူ အာကာဒီ ဗောလော့စကီး (Arkady Volosky)က သူ၏ နိုင်ငံရေးအတွေ့အကြုံ နည်းပါးမှုကို ဖုံးဖိထားရင်း ဤသို့ ပြက်လုံးထုတ်ခဲ့သည်။ **လူတွေက ပြောကြတယ်ဗျ၊ ရုရှားနိုင်ငံဟာ ဆွီဒင်လို၊ ဒါမှမဟုတ် တရုတ်နိုင်ငံလို၊ အမေရိကလိုဖြစ်လာရင် ကောင်းမှာပဲလို့ပေါ့။ ဒါပေမယ့် ခက်တာက ကျုပ်တို့မှာ ဆွီဒင်လူမျိုးတွေ အလုံအလောက်မရှိဘူးလေ၊ ကျုပ်တို့မှာ တရုတ်လူမျိုးတွေလည်း အလုံအလောက်မရှိဘူး၊ အမေရိကန်လူမျိုးတွေလည်း အလုံအလောက်မရှိဘူးဗျ** ဟူ၍ ဖြစ်သည်။

မစ္စတာဗောလော့စကီးသည် ဉာဏ်သွားသည့် လူတစ်ယောက် မဟုတ်သဖြင့် ဒီမိုကရေစီသည်လည်း နိုင်ငံတစ်နိုင်ငံ၏ သမိုင်းနှင့် အတွေ့အကြုံများမှ ပေါက်ဖွားလာခဲ့သည်ဆိုသော သိမ်မွေ့နက်နဲသည့် အချက်တစ်ခုကို ဖော်ပြနေခြင်းမဟုတ်ပေ။ ဒီမိုကရေစီဆိုသည်မှာ ခန္ဓာကိုယ်တွင် ပုံပြင်အစားထိုးရာ၌ ဆီလီကွန် ပစ္စည်းဖြင့် ထည့်သွင်းပေးသကဲ့သို့ နိုင်ငံရေးစနစ်တစ်ရပ်ရပ်ကို ထိုးသွင်း၍ရသော အရာမျိုးမဟုတ်။ ဦးထုပ်သစ်တစ်လုံးပမာ လွယ်လင့်တကူဆောင်း၍ရသော အရာမျိုးလည်းမဟုတ်။ မည်မျှပင် စေတနာထက်သန်မှုဖြင့်ဖြစ်စေ၊ သို့တည်းမဟုတ် မည်မျှပင်အင်အားစွမ်းရည်ဖြင့်ဖြစ်စေ ၎င်းကို အတင်းအကျပ် လက်ခံခိုင်း၍ မရချေ။

စင်စစ် ဒီမိုကရေစီဆိုသည်ကို ဂရုတစိုက် ပြုစုပျိုးထောင်ပေးရသည်။ မြေဆီသြဇာကျွေးသလို ထည့်ကျွေးရသေးသည်။ သို့ရာတွင် ဤဒီမိုကရေစီမည်သော အပင်ငယ်သည် မည်မျှနုနယ်ပြီး မည်မျှထင်သလိုမဖြစ်တတ်သည်ကို နားလည်သဘောပေါက်ရန်အတွက် ဗြိတိသျှဝန်ကြီးချုပ်ဟောင်း ဝင်စတန်ချာချီ (Churchill)၏ "အင်္ဂလိပ်စကားပြောလူမျိုးများ၏သမိုင်း"စာအုပ်မှ စာမျက်နှာအချို့ကို ဖတ်ကြည့်ရုံဖြင့် လုံလောက်ပါသည်။ ထို့ပြင် ဒီမိုကရေစီကို ကာကွယ်စောင့်ရှောက်ပေးရန် တရားမျှတမှုရှိသော ဥပဒေများနှင့် လွတ်လပ်စွာဆုံးဖြတ်စီရင်ပိုင်ခွင့်ရှိသည့် တရားရုံးများကဲ့သို့သော အခြေခံအဖွဲ့အစည်းများ ဖြစ်ထွန်းလာစေရန် လိုအပ်သည်ကိုလည်း သဘောပေါက်အပ်သည်။

ဤအချက်ဖြင့် လိုရင်းကို ပေါ်လွင်စေပါသလား။ သို့တိုင်အောင် အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂတို့သည်လည်း ၎င်းတို့၏တပ်ဖွဲ့များ လှည့်လည်ဝင်ရောက်တပ်စွဲထားသည့် အရပ်ဒေသမှန်သမျှနှင့် ၎င်းတို့၏တပ်ဖွဲ့များ ခြေမချဖူးသေးသည့် နေရာဒေသများစွာတို့တွင် ဒီမိုကရေစီ ထူထောင်ရေးဟူသော အကြောင်းပြချက်ဖြင့် ဒေါ်လာသန်းထောင်ပေါင်းများစွာကို ကျခံသုံးစွဲနေခဲ့ကြရသည်။

ဒီမိုကရေစီဆိုသည်မှာ အလွန်ကောင်းမွန်သည့် စိတ်ကူးစိတ်သန်း တစ်ရပ်ဖြစ်ပေရာ အတင်းအကျပ်လိုက်နာကျင့်သုံးခိုင်းရန် ခဲယဉ်းလှသည်။ သို့သော် ဒီမိုကရေစီကို အားတက်သရော ထွေးပိုက်ရယူလိုကြသည့် မြန်မာမှ ဟေတီအထိ၊ ရုရှားမှ အီရတ်အထိ၊ ဘဲလ်ဂရိတ်မြို့တော်မှ ကိုဆိုဗိုဒေသများအထိ လူအများတို့သည် ယင်းကို လက်တွေ့အလုပ်ဖြစ်အောင် မည်သည့်အရာက ကျောထောက်နောက်ခံပြုပေးနေသည်ကို အလျှင်းသိမထားကြပေ။ ရာစုနှစ်ပေါင်းများစွာချီ၍ စုပေါင်းအကျိုးဖြစ်ထွန်းမှုနှင့် စုပေါင်းနားလည်မှုမျိုးအပေါ် တည်ဆောက်ရသည့် ကိစ္စမျိုးဖြစ်ကြောင်းကိုလည်း အလျှင်းမသိကြချေ။ ထို့ပြင် အမေရိကန်တို့၏ သိမ်းသွင်းရေးဝါဒ သို့မဟုတ် အချိုအသာ ပြောရလျှင် လူကြီးလုပ်နေရာယူလိုသည့် ဝါဒအဖြစ် ၎င်းတို့ထင်မြင်နေကြသည့် ကိစ္စအပေါ် တကူးတက ကျေးဇူးတင်၍လည်း မနေကြချေ။

ဤသို့ဖြစ်သော်လည်း ဒီမိုကရေစီထွန်းကားရေးဆိုသည့် လုပ်ငန်းကြီးမှာ ရပ်တန့်၍ မနေပေ။ အထောက်အပံ့များပေးခြင်းနှင့် လေ့လာသင်ကြားရေး စီမံကိန်းများ၊ မီဒီယာလုပ်ငန်းများ၊ တစ်ခါတစ်ရံ မဲဆန္ဒရှင်များ မှတ်ပုံတင်ရေးနှင့် တရားဥပဒေရေးရာသင်တန်းများကဲ့သို့သော လုပ်ငန်းနယ်ပယ်များ၌ ရှေ့တိုးနေခဲ့လေသည်။ **ဤတွင် ဒီမိုကရေစီသည် နိုင်ငံရေးကြော်ငြာအသံကောင်းဟစ်မှုတစ်ခုဖြစ်လာခဲ့သည်။ ကြားဝင်စွက်ဖက်မှုအတွက် ဆင်ခြေဆင်လက်ဖြစ်လာခဲ့သည်။ အနောက်နိုင်ငံများ၏ အများအကျိုးဆောင် ဝါဒတစ်ရပ်အဖြစ် သက်သေထူမှု ဖြစ်လာခဲ့သည်။ ခေတ်ဆိုးကိုလွန်မြောက်၍ ခေတ်ကောင်းကြီးကို ရောက်တော့မည်ဟု မဲဆန္ဒရှင်များအား ထပ်မံအာမခံသည့် နည်းလမ်းတစ်ရပ်သဖွယ်လည်း ဖြစ်လာသည်။**

ဒီမိုကရေစီကို လိုရာသို့အရောက်ပို့ခြင်းနှင့် အစားထိုးခြင်းလုပ်ငန်းတွင် ရင်ဆိုင်ရမည့် အဓိကပြဿနာသုံးရပ်ရှိနေသည်။ အချိန်၊ ငွေနှင့် သဘောပေါက်လိုက်နာမှုတို့ လိုအပ်သည့် အခြေခံစနစ်များ တည်ဆောက်ရန်လိုအပ်ခြင်း၊ ထိုသို့ကြိုးပမ်းအားထုတ်မှုကို နယ်ပယ်ချဲ့ခြင်းဟု ငြင်းပယ်ခြင်းမပြုဘဲ ရေခြား၊ မြေခြား ပြည်ပနေရာတွင် ဟုတ်မှန်ကြောင်း လက်သင့်ခံလာအောင် ဆောင်ရွက်နိုင်ခြင်း၊ ထိုသို့ ကြိုးပမ်းအားထုတ်မှုကို ရုရှား၊ တရုတ်၊ အီရတ်နှင့် ပါကစ္စတန်နိုင်ငံများကဲ့သို့သော နိုင်ငံများတွင် နိုင်ငံခြားရေးမူဝါဒ မျှော်မှန်းချက်များ ရှိနေသည့်အကြားက ရေရှည်တည်တံ့အောင် မည်သို့ဆောင်ရွက်မည်ဆိုသည်တို့ ဖြစ်သည်။ အဆိုပါနိုင်ငံများတွင် အကြမ်းဖက်ဝါဒတိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ ဒေသတွင်းတည်ငြိမ်ရေး၊ အဏုမြူလက်နက်များကိစ္စ၊ လူဝင်မှုကြီးကြပ်ရေးကိစ္စများစသည့် နိုင်ငံခြားရေးမူဝါဒဆိုင်ရာ အကျိုးစီးပွားများကို အာရုံစိုက်နေကြရခြင်းကြောင့် အမေရိကန်တို့အဖို့ တပန်းသာစေသည်။

"အဲဒီနိုင်ငံတွေအားလုံးမှာ အဓိကလုံးပန်းနေကြတာကတော့ ခေတ်မီလူ့အဖွဲ့အစည်း ထူထောင်ဖို့ပါပဲ"ဟု "လွတ်လပ်ခွင့်၏ အနာဂတ်၊ ပြည်တွင်း၊ ပြည်ပရှိ အမြင်ကျဉ်းမြောင်းသည့် ဒီမိုကရေစီ"အမည်ရှိ စာအုပ်ကို ရေးသားသူ ဖာရိဒ်ဇကားရီးယား (Fareed Zakaria)က ပြောကြားသည်။ "အရာရာဟာ မြေရှင်ခေတ်၊ အလယ်ခေတ်တို့ကအတိုင်းပဲ ရှိနေပါစေ၊ ရွေးကောက်ပွဲတွေ လုပ်လို့ရမှာပဲဆိုတဲ့ စိတ်ကူးနဲ့တော့ ဒီမိုကရေစီဆိုတာ အပြည့်အဝ ရလာမှာမဟုတ်ဘူး၊ အငွေ့အသက်လောက်ပဲ ခံစားရမှာပဲ။ ခေတ်မီတိုးတက်ရေးရဲ့ ကြေးညှော်တွေကို လက်ခံရမှာ ကြောက်ရွံ့နေရင်းနဲ့ ဒီမိုကရေစီဟာ ရသေ့စိတ်ဖြေသဘောနဲ့ ပါးစပ်ကပဲ တွင်တွင်ပြောရတဲ့ ထိုးဇာတ်တစ်ခု ဖြစ်လာနေတယ်ဗျ"ဟု သူကဆိုသည်။

အမေရိကန်နိုင်ငံ ပရင့်စတန် (Princeton) တက္ကသိုလ်မှ ဥရောပနှင့် အာရှဆိုင်ရာ သမိုင်းပါမောက္ခ စတီဖင်ကော့ကင် (Stephen Kotkin)ကမူ "အဲဒါဟာ အုပ်ချုပ်ရေးဌာနတွေရဲ့ အရည်အသွေးနဲ့ လက်တွေ့ အောက်ခြေမှာ သူတို့ဘယ်လိုလုပ်ကိုင်ဆောင်ရွက်ကြတယ်ဆိုတာနဲ့ပဲ ပတ်သက်နေတယ်ဗျ"ဟုလည်း ရှင်းရှင်းလေးပြောပြသည်။

၁၉၉၂ ခုနှစ် ဇန်နဝါရီလတွင် ဘောရစ်ယဲ့လ်ဆင် (Boris Yelsin)သည် နှောင်းခေတ် ကွန်မြူနစ် ရုရှားနိုင်ငံတွင် အာဏာရလာသည့်အခါ ယခင်အစိုးရလက်ထက်က အတွေ့အကြုံရှိခဲ့သော တရားသူကြီးဦးရေ ၆၀၀၀ နှင့် ဗလာဒီမာပူတင် (Vladimir Putin)ကဲ့သို့သော ကေဂျီဘီ (KGB)အဖွဲ့ဝင်ပေါင်း နှစ်သိန်းခွဲမျှ ရှိနေခဲ့သည်ဟု မစ္စတာကော့ကင်က ထောက်ပြခဲ့သည်။

"ဒီတရားသူကြီးတွေရဲ့ အရည်အသွေးနဲ့ သူတို့ရဲ့လောကအမြင်တွေကို အသာထားဦး၊ သူတို့အရေအတွက်ကိုပဲ ကြည့်ကြရအောင်။ တရားဥပဒေစိုးမိုးရေးကို ဘယ်လိုဖော်ဆောင်ကြမလဲ။ အဲဒါက တရားသူကြီးဦးရေကိုတိုးပြီး ကေဂျီဘီ အဖွဲ့ဝင်ဦးရေတွေ ကျဆင်းသွားမှပဲ ဖြစ်လာဖို့ရှိတယ်"ဟု သူက ပြောသည်။ ယခု ၁၂ နှစ်မျှအကြာတွင် တရားသူကြီးဦးရေမှာ သုံးဆအထိတိုးလာပြီး ၁၈၀၀၀ ရှိလာသည်။ သို့သော် ရဲထောက်လှမ်းရေးဦးရေမှာ နှစ်သိန်းခန့် ကျန်ရှိနေဆဲဖြစ်၏။

ယင်းနှင့်ကွဲပြားချက်မှာ အမေရိကန်ပြည်ထောင်စုသည် ဗြိတိန်နိုင်ငံလက်အောက်မှ လွတ်လပ်ရေးရခဲ့စဉ်က ဥပဒေပညာရှင် ဦးရေမှာ အစိုးရအုပ်ချုပ်ရေး ဗျူရိုကရက်အရာရှိ ဦးရေထက်ပင် ပိုခဲ့သည်။ အမေရိကန်လူ့အဖွဲ့အစည်းသည် အစိုးရအဖွဲ့ထက်ပင် အင်အားတောင့်တင်းခဲ့သည်။ လူတစ်ဦး၏ ပိုင်ခွင့်များနှင့် ပုဂ္ဂလိက ပိုင်ဆိုင်မှု သဘောများကို အခိုင်အမာလက်ခံထားသည့် အခြေခံအဖွဲ့အစည်းတစ်ရပ်လည်း ရှိနေသည်။ အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံတို့သည် လွတ်လပ်သော အယူအဆရှိကြသည့် တိုင်းပြည်များ ဖြစ်ကြသည်။ သို့သော် ဒီမိုကရေစီနည်းကျသည်ဟုကား အထူးတလည် မဆိုနိုင်ခဲ့ပေ။ ကျွန်များလွတ်မြောက်ခွင့်ရခဲ့ပြီး အမျိုးသမီးများလည်း မဲပေးခွင့်ရခဲ့ပြီးမှ လွတ်လပ်သော ယင်းလူ့အဖွဲ့အစည်းလည်း ဒီမိုကရေစီသဘော သက်ရောက်လာခဲ့သည်။

သို့သော် ကျဉ်းမြောင်းသောအမြင်လွှမ်းမိုးနေသည့် လူ့အဖွဲ့အစည်းတစ်ရပ်၊ ဥပမာ-ရုရှား၊ ယခင် ယူဂိုဆလားဗီးယား၊ ဟေတီ၊ အီရတ်တို့မှ လူ့အဖွဲ့အစည်းတစ်ရပ်ရပ်ကို ဒီမိုကရေစီပုံစံသွင်းရန် အားထုတ်မှုမှာ ဒီမိုကရေစီလိုလားသူများနှင့် ဒီမိုကရေစီတန်ဖိုးများကို ကာကွယ်စောင့်ရှောက်ပေးမည့် အခြေခိုင်သော စီမံအုပ်ချုပ်မှု၊ အဖွဲ့အစည်းများ မရှိဘဲနှင့် ထိုလူ့အဖွဲ့အစည်းများအတွင်း ရွေးကောက်ပွဲများ ကျင်းပပေးရုံမျှသာ တတ်နိုင်ပေမည်။ ရွေးကောက်ပွဲများသည် အပြုသဘောဆောင်ပြီး တရားဝင်လုပ်ပိုင်ခွင့် အပ်နှင်းမှုတစ်ရပ်ဟူ၍ ရှုမြင်ကြရသော်လည်း ပါလီမန်စနစ်အုပ်ချုပ်ရေး သို့မဟုတ် အရပ်သားအုပ်ချုပ်ရေး သို့မဟုတ် လွတ်လပ်သောတရားစီရင်ရေး သို့မဟုတ် မျှတသောအခွန်စည်းကြပ်မှုနှင့် ပုဂ္ဂလိကနှင့် လူနည်းစု အကျိုးစီးပွားတို့ကို ဖော်ဆောင်ကျင့်သုံးနိုင်လာလိမ့်မည်ဟု အားထားမျှော်လင့်၍ မရချေ။

လက်တွေ့အလုပ်ဖြစ်သော ဒီမိုကရေစီနိုင်ငံများ ထူထောင်နိုင်ရန် အနောက်နိုင်ငံများတွင် နှစ်ပေါင်း ၄၀၀ ကြာအောင် ကြိုးပမ်းအားထုတ်ခဲ့ရပြီး အရှေ့အာရှဒေသတွင် နှစ်ပေါင်း ၄၀ အချိန်ယူခဲ့ရသည်ဟု မစ္စတာ ဇကားရီးယားက ဆိုသည်။ အခု ဒါကို ကျွန်တော်တို့က အီရတ်မှာ လေးလနဲ့ လိုချင်နေတယ်ဟု သူက ဆက်ပြောသည်။

"ဘာလုပ်ရမယ်ဆိုတာ ကျွန်တော်တို့သိကြပါတယ်။ ဒါပေမယ့် ဒါကို နိုင်ငံရေးအရ အလုပ်ဖြစ်အောင် ဘယ်လိုနည်းလမ်း သုံးရမလဲဆိုတာက အဓိကပါပဲ။ လူနည်းစုတွေကို ဖိနှိပ်မှုမရှိအောင် ကာကွယ်စောင့်ရှောက်ပေးမယ့် အင်အားတောင့်တင်းတဲ့ ဗဟိုအစိုးရအဖွဲ့ထားရှိတဲ့ ပြည်ထောင်စုသမ္မတနိုင်ငံတစ်ခုကို ထူထောင်မှာလား။ ပြဿနာက ဘာလဲဆိုတော့ ဒီလိုဖြစ်ဖို့ အခြေခံအဖွဲ့အစည်းမျိုးကို များပြားရှုပ်ထွေးတဲ့ နိုင်ငံရေးအခြေအနေမှာ ဘယ်လိုတည်ဆောက်မလဲ၊ ဒီလုပ်ငန်းကို ပြည်ပမှာ နိုင်ငံရေးအရ လက်ခံနိုင်အောင် ဘယ်လိုပေးမလဲဆိုတာပဲ။ အဲဒီတော့မှ ကိုယ့်ကိုပရဟိတအကျိုးဆောင်သူတွေလို့ အများက မြင်လာကြမယ်။ နယ်ချဲ့တွေလို့ မမြင်ကြတော့ဘူးပေါ့ဗျာ။ အဲဒါဟာ အမေရိကန်အစိုးရဘက်က အကြီးအကျယ်မှားယွင်းနေတဲ့ အပိုင်းပဲဗျ"ဟု မစ္စတာဇကားရီးယား (Mr.Zakaria)က ပြောကြားလိုက်သည်။ ။

From-
The New York Times
Large Type Weekly February 16-22,2004
Vol XXXVII, No.1928
Fragile Seeds of Liberty
Why Western Political Ideals Fail Elsewhere
Democracy; A Hard Idea to Translate
By-Steven Erlanger

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် စာကြည့်တိုက်လုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို ပြန်/ဆက်ဦးစီးဌာန သုံးခွမြို့နယ်ရုံး စာကြည့်တိုက်ခန်းမ၌ မတ် ၃၀ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်အေး အမှာစကားပြောကြားစဉ်။ (မြို့နယ်ပြန်/ဆက်)

တရားပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၆

ကဋ္ဌနာရာမ သီလရှင်စာသင်တိုက်၌ ရှစ်ကြိမ်မြောက် မိုးကုတ်ဝိပဿနာ တရားစခန်းပွဲကို ပဓာနနာယက တိုက်အုပ်ဆရာကြီး ဒေါ်ကဋ္ဌနဝတီနှင့် ဓမ္မာစရိယ ဆရာလေး ဒေါ်နန္ဒာဝတီတို့က မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ဧပြီ ၅ ရက်မှ ၁၀ ရက်ထိနှင့် ဧပြီ ၁၂ ရက်မှ နှစ်ဆန်းတစ်ရက်အထိ ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်များအား အရဏ်ဆွမ်း၊ နေ့ဆွမ်း အလှူရှင်များ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၇-၄-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ မြန်မာသကြီန်
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀	၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀	၅။ မျိုးချစ်တပ်မတော်
၄:၄၀	၆။ မြန်မာသကြီန်
၄:၅၀	၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၀၀	၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Consignment Account (စီးပွားရေး၊ စီးပွားစီမံ)
၅:၃၀	၉။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅:၄၅	၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။ နိုင်ငံတကာသတင်း
၆:၂၀	၁၃။ မိုးလေဝသသတင်း
၆:၂၅	၁၄။ မြန်မာ့ရှုခင်း
၆:၄၀	၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မောင့်ရွှေနဖားစုံ မယ့်ရွှေနဖူးစာ (အပိုင်း-၂၃)**
၈:၀၀	၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း သစ္စာမဏ္ဍိုင် (အပိုင်း-၂၉)**
	၂၂။ သင့်အတွက်မနက်ဖြန်
	၂၃။ အပိတ်နှုတ်ဆက်စကား
	၂၄။ ပြီးပါပြီ။

❀ **နိုင်ငံတော်မှ**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် သမ္မတအိမ်တော်သို့ရောက်ရှိရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံသမ္မတ ပါမောက္ခ ဒေါက်တာ အီယာဂျူဒင်အာမက်က ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သမ္မတတို့သည် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

တက်ရောက်

တွေ့ဆုံနှုတ်ဆက်ပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းမြင့်တို့ တက်ရောက်ကြပြီး ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သမ္မတနှင့်အတူ Minister for Foreign Affairs, Mr. M Morshed Khan နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေကလည်း နှုတ်ဆက်ကြောင်း၊ ကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်းတောင်းကြောင်းကိုပါ ပြောကြားခဲ့သည်။ တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် သမ္မတရုံး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ ပါမောက္ခ ဒေါက်တာအီယာကျူဒင်အာမက်အား ဒါကာမြို့ရှိ Bangabhaban သမ္မတအိမ်တော်တွင် တွေ့ဆုံစဉ်။
(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဆာဗား (Saver) ရှိ အမျိုးသားအာဇာနည်ဗိမာန်တွင် လွမ်းသူ့ပန်းခွေချ အလေးပြုစဉ်။ (သတင်းစဉ်)

➪ **စာမျက်နှာ ၃ မှ**

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဒါကာမြို့ရှိ သမ္မတကြီး ဇီယာရာမန်၏ဂူဗိမာန်သို့ ရောက်ရှိကြရာ Minister for Local Government, Rural Development & Co-operative, Mr. Abdul Mannan Bhuiyan နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

လွမ်းသူ့ပန်းခွေချ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် သမ္မတကြီး ဇီယာရာမန်၏ဂူဗိမာန်တွင် လွမ်းသူ့ပန်းခွေချ အလေးပြုသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ခေတ္တတည်းခိုမည့် ဒါကာမြို့ Hotel Sheraton သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

ပန်းစည်းပေးအပ်

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ချစ်ကြည်ရေးခရီး လည်ပတ်ရန် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဇီယာအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိရာ ဘင်္ဂလားဒေ့ရှ်ကလေးငယ်တစ်ဦးက ပန်းစည်းပေးအပ်စဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၇-၄-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတ သန္တိပါဠိတော်**
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၆။ အတီးပြိုင်ပွဲ
၈:၀၅ ၇။ ကျောက်ကြီးပေါက်တံတား
၈:၁၅ ၈။ ခါသကြိန်အဆိုအကများ
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Happy and Educational English Summer Course (MRTV)
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ ခါသကြိန် အဆိုအကများ.
၄:၄၅ ၄။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သတ္တဗေ၊ ရုက္ခဗေဒ အထူးပြုများ) (သတ္တဗေဒ)
၅:၁၅ ၆။ သီချင်းကြီးပဒေသာ
၅:၃၀ ၇။ ခါသကြိန် အဆိုအကများ
၅:၄၅ ၈။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၅:၅၅ ၉။ Discovery.
၆:၁၅ ၁၀။ တောင်းဆုပြည့်မြတ်ဘုရားရွှေတိဂုံ (အပိုင်း–၅)
၆:၃၀ ၁၁။ ညနေခင်းသတင်း
၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၃။ ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
၇:၂၀ ၁၄။ တေးဂီတအစီအစဉ်
၇:၃၅ ၁၅။ စုပေါင်းကာကွယ်လမ်းအန္တရာယ် ထိခိုက်မှုမှကင်းစေမယ်(အပိုင်း–၁)
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆိုသည်မှာ" (အပိုင်း–၂၁)**
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

❐ **ကျောဖုံးမှ**

ထို့နောက်နှစ်နိုင်ငံဝန်ကြီးချုပ်များ ခင်မင်ရင်းနှီးစွာ တွေ့ဆုံမှုပြုကြသည်။ တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့သည် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲ

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲကို ဝန်ကြီးချုပ်ရုံး အစည်းအဝေးခန်းမ၌ ညနေ ၃နာရီခွဲတွင် ဆက်လက်ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်– နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ ပြည်ထဲရေးဝန်ကြီးဌာန

တွေ့ဆုံဆွေးနွေး

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာ ခေါင်းဆောင်သောအဖွဲ့ဝင်များ တွေ့ဆုံပွဲပြုလုပ်စဉ်။ (သတင်းစဉ်)

ခါလီဒါဇီယာနှင့်အတူ Minister for Foreign Affairs, Mr. M. Morshed Khan, State Minister for Home Affairs Mr. Lutfozzaman Babar, Minister for Finance and Planning Mr.M. Saifur Rahman, Minister for Communications, Barrister Nazmul Huda, Minister for Agriculture, Mr.M.K.Anwar, Home Secretary, Mr. Muhammad Omar Faroog, Foreign Secretary, Mr.Shamsher M.Chowdhury BB, Secretary to the Hon'ble Prime Ministar, Mr. A.H.M. Nural Islam, Advisor for Commerce, Mr. Md Bar

အမှတ်တရလက်ဆောင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာတို့ ဝန်ကြီးချုပ်ရုံးဧည့်ခန်းမဆောင်၌ ခင်မင်ရင်းနှီးစွာ တွေ့ဆုံကြစဉ် အမှတ်တရလက်ဆောင် ပေးအပ်စဉ်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်မောင်ဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်၊ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းမြင့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်၊ ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းနှင့် သံတမန်ရေးရာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်လင်း တို့တက်ရောက်ကြပြီး ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် ဘီဂမ်

ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရနှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရတို့ နှစ်နိုင်ငံအကြား နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးပွဲတွင် Memorandum of Understanding between The Government of the Union of Myanmar and The Government of the People's Republic of Bangladesh on visa exemption for Holders of Diplomatic of official Passports နားလည်မှုစာချွန်လွှာကို နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးခင်မောင်ဝင်းနှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ မှ Foreign Secretary Mr. Shamsher M.Chowdhury BB တို့က လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

Kat Ullah Bulu နှင့် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. AB Manjoor Rahimတို့လည်း တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံဆက်ဆံရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့သို့တွေ့ဆုံစဉ် နှစ်နိုင်ငံဝန်ကြီးချုပ်များသည် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရေး၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး၊ အထူးသဖြင့် နိုင်ငံတကာ နယ်ပယ်၊ ကုန်သွယ်ရေးကဏ္ဍ၊ ကုန်းကြောင်းနှင့်ရေကြောင်းအဆက်အသွယ်များ တိုးမြှင့်ရေးကဏ္ဍ၊ ရင်းနှီးမြှုပ်နှံရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စများအပေါ် ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။

လမ်းစဉ်ခုနစ်ရပ်

နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံ၏ ရှေ့လျှောက်လှမ်းမည့် မူဝါဒ လမ်းစဉ် ခုနစ်ရပ်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ချက်များအပေါ် ရှင်းလင်းပြောကြားခဲ့ပြီး မြန်မာ–ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပတ်သက်၍ များစွာအားရကျေနပ်မိကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်း

ဆောင်ရွက်မှုများ တိုးချဲ့လု
နိုင်ငံအနေဖြင့် နိုင်ငံတက
ရပ်တည်ပေးသည့်အတွက်

ဘင်္ဂလားဒေ့ရှ် ဝန်ကြ
မြန်မာနိုင်ငံ၏ ဒီမိုကရေစီ
များကို ကြိုဆိုထောက်ခံကြေ
ကောင်စီဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူး
စဉ်၄င်း၏ ၂၀၀၃ခုနှစ် မြန်
ချစ်ကြည်ရင်းနှီးမှုကို အ
ဝန်ကြီးချုပ်၏ ခရီးစဉ်သ
ဆောင်ရွက်ရေးကို ပိုမိုခိုင်မြ
နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ
အထူးလိုလားပါကြောင်း၊
အလားအလာများစွာရှိရာ
ပြည်သူများအတွက် များ
ဆွေးနွေးခဲ့သည်။

နှစ်နိုင်ငံ တွေ့ဆုံ
တော်အစိုးရနှင့် ဘင်္ဂလား

ပြည်ထောင်စုမြန်မ
ခင်ညွန့် ပြည်ထောင်
ပြည်သူ့သမ္မတနိုင်ငံအစို
လက်မှတ်ရေးထိုးပွဲအပြီး
လက်မှတ်ရေးထိုးစဉ်။

အကြား နားလည်မှု စာချွ
သည်။

အစီအစဉ်အရ ရှေး
Between the Governm
Government of the
Cooperation in the F
ကို လယ်ယာစိုက်ပျိုးရေးနှ
ညွှန့်တင်နှင့် ဘင်္ဂလားဒေ့ရှ်
culture, Mr. M.K. Anw
လဲလှယ်ကြသည်။

ပြည်ထောင်စု မြန်မာနိ
အစိုးရနှင့် ဘင်္ဂလားဒေ့ရှ်
သမ္မတနိုင်ငံအစိုးရတို့
အကြား နားလည်မှု
လွှာ လက်မှတ်ရေး
Memorandum of U
standing between Th
ernment of the Un
Myanmar and The
ernment of The Pe
Repurblic of Bang
on the establishmen
Link between My
and Bangladesh နာ
စာချွန်လွှာကို ဆောက်
ဝန်ကြီးဌာန ဒုတိယဝန်ကြီ
ဆွေနှင့် ဘင်္ဂလားဒေ့ရှ်
သမ္မတနိုင်ငံမှ Secretar
istry of Communi
တို့က လက်မှတ်ရေးထိုး
(သ



ဆောင်ရွက်မှုများ တိုးချဲ့လုပ်ဆောင်သွားရန် ဆန္ဒရှိကြောင်း၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံအနေဖြင့် နိုင်ငံတကာ နယ်ပယ်တွင် မြန်မာနိုင်ငံဘက်မှ ထောက်ခံရပ်တည်ပေးသည့်အတွက် များစွာကျေးဇူးတင်ရှိကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

ကြိုဆိုထောက်ခံ

ဘင်္ဂလားဒေ့ရှ် ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာက ဆွေးနွေးရာတွင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ် ဖြစ်ထွန်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များကို ကြိုဆိုထောက်ခံကြောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ၂၀၀၂ခုနှစ် ဘင်္ဂလားဒေ့ရှ်နိုင်ငံခရီးစဉ်၊၄င်း၏ ၂၀၀၃ခုနှစ် မြန်မာနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်များသည် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုကို အရှိန်အဟုန်တိုးမြှင့်စေခဲ့သလို ယခု နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်သည်လည်း နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကို ပိုမိုခိုင်မြဲစေလိမ့်မည်ဟု ယုံကြည်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုရှင်သန်းတိုးပွားရေးကို အထူးလိုလားပါကြောင်း၊ နှစ်နိုင်ငံစီးပွားရေးနှင့် ကုန်သွယ်ရေးကဏ္ဍတို့တွင် အလားအလာများစွာရှိရာ နှစ်နိုင်ငံကြိုးစားဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံ ပြည်သူများအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဟု ခံယူကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

လက်မှတ်ရေးထိုးပွဲ

နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့ နှစ်နိုင်ငံ

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့ နှစ်နိုင်ငံအကြား နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးပွဲအပြီးတွင် ဝန်ကြီးချုပ်ရုံး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

အကြား နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို ဆက်လက်ကျင်းပသည်။

အစီအစဉ်အရ ရှေးဦးစွာ Memorandum of Understanding Between the Government of the Union of Myanmar and the Government of the People's Republic of Bangladesh on Cooperation in the Field of Agriculture နားလည်မှု စာချွန်လွှာကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်နှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံမှ Minister for Agriculture, Mr. M.K. Anwar တို့က လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြသည်။

ထို့နောက် Memorandum of Understanding Between the Government of the Union of Myanmar and the Government of the People's Republic of Bangladesh on the establishment Road Link between Myanmar and Bangladesh နားလည်မှုစာချွန်လွှာကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေနှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံမှ Secretary Ministry of Communications တို့က လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြသည်။

အပြန်အလှန်လဲလှယ်

ဆက်လက်၍ Memorandum of Understanding between the Government of the Union of Myanmar and the Government of the People's Republic of Bangladesh on visa exemption for Holders of Diplomatic or Official Passports နားလည်မှု စာချွန်လွှာကို နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံမှ Foreign Secretary Mr. Shamsher M. Chowdhury BB တို့က လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာ ခေါင်းဆောင်သောအဖွဲ့ဝင်များ တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ်တို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဝန်ကြီးချုပ်ရုံး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ချစ်ကြည်ရေးခရီးစဉ်နှင့်ပတ်သက်၍ သတင်းဌာနများ၏ မေးမြန်းချက်များကို ဖြေကြားသည်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့ နှစ်နိုင်ငံအကြား နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးပွဲတွင် Memorandum of Understanding between The Government of the Union of Myanmar and The Government of The People's Repurblic of Bangladesh on the establishment Road Link between Myanmar and Bangladesh နားလည်မှုစာချွန်လွှာကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေနှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံမှ Secretary Ministry of Communication တို့က လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့ နှစ်နိုင်ငံအကြား နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးပွဲတွင် Memorandum of Understanding between The Government of the Union of Myanmar and The Government of the People's Republic of Bangladesh on Cooperation in the Field of Agriculture နားလည်မှု စာချွန်လွှာကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်နှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံမှ Minister for Agriculture, Mr. M.K Anwar တို့က လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

မဟာဝိဇယစေတီတော်၌ ဘာနုရာဇာနေမင်းကြီးက မြတ်စွာဘုရားအား ဦးခိုက်ပူ ဇော်မည်

ရန်ကုန် ဧပြီ ၆

ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း ဓမ္မရက္ခိတကုန်းပေါ်တွင် တည်ထားကိုးကွယ်လျက်ရှိသော မဟာဝိဇယစေတီတော် ဂန္ဓကုဋိတိုက်အတွင်းရှိ အပ္ပရာဇိတပလ္လင်ပေါ်၌ သီတင်းသုံးစံပယ်လျက်ရှိတော်မူသော နာဂစီဝရာပဋ္ဌပဋိမာ မြတ်စွာဘုရားဆင်းတုတော်မြတ်ကို ရောင်ခြည်တစ်ထောင် အလင်းဆောင်သော ဘာနုရာဇာနေမင်းကြီးသည် မိမိ၏ အလင်းရောင်ဖြင့် တစ်နှစ်တွင် တစ်လ၊ တစ်လတွင် တစ်ရက်၊ မြန်မာသက္ကရာဇ် ၁၃၆၆ခုနှစ် တန်ခူးလပြည့်ကျော် ၁၃ရက်၊မြန်မာနှစ်ဆန်း ၁ရက်နေ့၊ ဧပြီ ၁၇ရက် နံနက်၈နာရီ၃၅မိနစ်တွင် တစ်ကြိမ်၊ ထိုနေ့ညနေ ၃နာရီ ၂၅မိနစ်တွင် တစ်ကြိမ် စုစုပေါင်း နှစ်ကြိမ် တိုင်တိုင် ဦးခိုက်ပူဇော်မည် ဖြစ်သည်။

နေမင်းကြီးက မြတ်စွာဘုရားသခင်အား အလင်းရောင်ဖြင့် ဦးခိုက်ပူဇော်ချိန်တွင် ဗုဒ္ဓဘာသာဝင် သူတော်စင်များအနေဖြင့် မြတ်စွာဘုရားအား ပူဇော်၍ ဆုတောင်း အဓိဋ္ဌာန်ပြုကြသူများ အဓိဋ္ဌာန်အောင်မြင်ပြီး ဆုတောင်းပြည့်ဝနိုင်ကြသည့်အတွက် ထူးမြတ်လှသော အချိန်အခါတွင် ဖူးမြော်ကြည်ညိုနိုင်ကြသည်။

ဘုရားဖူးပြည်သူများသည် ဂန္ဓကုဋိတိုက်အတွင်းတွင် ပူဇော်ခြင်းအပြင် စေတီတော်ကြီးအတွင်းသို့ အဝင်မုခ်ဦး လေးပေါက်၌ မုခ်ဦးတစ်ပေါက်လျှင် ရုပ်မြင်သံကြားစက်တစ်လုံးစီ ထားရှိပြီး ယမန်နှစ်ကကဲ့သို့ တိုက်ရိုက်လွှင့်ထုတ်၍ ပြသသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ယနေ့ထုတ် ခေါင်ရေ ၁၉၇၈၆



မြန်မာနဲ့ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံတို့သည် သမိုင်းစဉ်အရ ဆက်သွယ်မှုရှိ ဒေသဆိုင်ရာနဲ့ နိုင်ငံတကာမျက်နှာစာများတွင် တူညီသောအမြင်တွေရှိကြ နှစ်နိုင်ငံဆက်သွယ်မည့် ကားလမ်းဖောက်လုပ်ရေးလုပ်ငန်း စတင်နေကြောင်းသိရ၍ ဝမ်းသာ

ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာ

ရန်ကုန် ဧပြီ ၆

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာက ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ဂုဏ်ပြုတည်ခင်းသည့် ညစာစားပွဲတွင် ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာ ပြောကြားသောမိန့်ခွန်း-

အဆွေတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်
ကြွရောက်လာသော မိတ်ဆွေများ
ဧည့်သည်တော်များ-

အဆွေတော် ဝန်ကြီးချုပ်နဲ့ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ကို ယခုလို ကြိုဆိုခွင့်ရတာကို အထူးဝမ်းမြောက်ပါတယ်၊ အဆွေတော်ဝန်ကြီးချုပ်ရဲ့ ခရီးစဉ်ဟာ နှစ်နိုင်ငံအကြား တည်ရှိတဲ့ အလွန်ကောင်းမွန်တဲ့ဆက်ဆံရေးရဲ့ ပုံရိပ်ဖြစ်ပါတယ်။

မြန်မာနဲ့ ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံတို့ဟာ သမိုင်းစဉ်အရ ဆက်သွယ်မှု ရှိပါတယ်၊ နှစ်နိုင်ငံတို့ဟာ တူညီတဲ့ယဉ်ကျေးမှုအမွေရှိပြီး ဒေသကြီးရဲ့ ငြိမ်းချမ်းရေး၊ လုံခြုံရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက်လည်း တူညီတဲ့ရည်မှန်းချက်တွေ ရှိကြပါတယ်၊ ဘင်္ဂလားဒေ့ရှ်သမ္မတ ဇီယာရာမန်ရဲ့ ၁၉၇၇ ခုနှစ်၊ ဇူလိုင်လက မြန်မာနိုင်ငံခရီးဟာ နှစ်နိုင်ငံဆက်ဆံရေးရဲ့ အခြေခံအုတ်မြစ်ကိုချပေးခဲ့ပါတယ်၊ လွန်ခဲ့သောတစ်နှစ်ကျော်က မြန်မာနိုင်ငံကိုသွားရောက်ခဲ့တဲ့ ကျွန်မရဲ့ခရီးစဉ်ကို လည်း ဝမ်းသာစွာ ပြန်ပြောင်းသတိရနေပါတယ်၊ အဆွေတော်ဝန်ကြီးချုပ်ရဲ့ ယခုခရီးစဉ်ဟာလည်း ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးတက်စေမယ်ဆိုတာကို အပြည့်အဝ ယုံကြည်ပါတယ်။

အဆွေတော်ဝန်ကြီးချုပ်ရှင့်-

ဘင်္ဂလားဒေ့ရှ်နဲ့ မြန်မာနှစ်နိုင်ငံတို့ဟာ တူညီတဲ့ စီးပွားရေးစိန်ခေါ်မှုတွေကို ရင်ဆိုင်နေတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေဖြစ်ပါတယ်၊ ဒီစိန်ခေါ်မှုတွေကို ရင်ဆိုင်နိုင်ဖို့ နိုင်ငံရေးနဲ့စီးပွားရေး အဆက်အသွယ်တွေ ပိုမိုတိုးမြှင့်ဆောင်ရွက်ရမှာဖြစ်ပါတယ်၊ ဒီကနေ့ နှစ်ဖက်တွေ့ဆုံ ဆွေးနွေးမှုတွေကလည်း ဒီဦးတည်ချက်ကို အတူတကွ ဖြေရှင်းမယ်ဆိုတဲ့ နှစ်နိုင်ငံရဲ့ရပ်တည်ချက်ကို ထင်ရှားစွာ ဖော်ဆောင်ခဲ့ပါတယ်။

ဒေသဆိုင်ရာနဲ့ နိုင်ငံတကာမျက်နှာစာတွေမှာလည်း နှစ်နိုင်ငံတို့ဟာ တူညီတဲ့ အမြင်တွေ ရှိကြပါတယ်၊ ဘင်္ဂလားဒေ့ရှ်ရဲ့ မဟာဗျူဟာကျတဲ့ တည်နေရာဟာ လည်း တောင်အာရှနဲ့ အရှေ့တောင်အာရှကို ဆက်သွယ်တဲ့ တံတားအဖြစ်ရပ်တည် မှုကို ထင်ရှားစေခဲ့ပါတယ်၊ ဒီခံယူချက်နဲ့အညီ ဘင်္ဂလားဒေ့ရှ်ဟာ အာဆီယံဒေသ ဆိုင်ရာ ဖိုရမ်ရဲ့အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်လိုခြင်းဖြစ်ပါတယ်၊ ဘင်္ဂလားဒေ့ရှ် က အေ၊ အာ၊ အက်ဖ် အဖွဲ့ဝင်ဖြစ်ရေးကြိုးပမ်းမှုမှာ မြန်မာနိုင်ငံရဲ့ အဖိုးမဖြတ်နိုင်တဲ့ ထောက်ခံအားပေးမှုကို လိုလားပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ဘင်္ဂလားဒေ့ရှ်ပြည်သူ့ သမ္မတနိုင်ငံဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာက ဒါကာမြို့ Hotel Sonargaon၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာ မိန့်ခွန်း ပြောကြားစဉ်။

(သတင်းစဉ်)

ဘင်းမ်စတက် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ကြီးအတွင်း ပူးပေါင်း ဆောင်ရွက်မှုတိုးမြှင့်ရေး ဆောင်ရွက်ဖို့ ရှေးရှုပါတယ်၊ ဘင်္ဂလားဒေ့ရှ်ဟာ ဒီဒေသဆိုင်ရာအဖွဲ့ကြီး ပီပြင်စွာ အကောင်အထည်ပေါ်လာရေးအတွက် ကြိုးပမ်း မယ်လို့ ဆုံးဖြတ်ထားပါတယ်၊ ဒီနှစ်တွင်းမှာ ကျင်းပမယ့် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးကြီးဟာလည်း တောင်နဲ့အရှေ့တောင်အာရှ ဒေသနှစ်ခုကို ပိုမိုနီးကပ်စေမယ်ဆိုတာကို ယုံကြည်ပါတယ်။

ကြွရောက်လာတဲ့မိတ်ဆွေအပေါင်းရှင့်-

နှစ်နိုင်ငံအကြား ကုန်သွယ်ရေးတိုးတက်မှုဟာအားရကျေနပ်စရာဖြစ်ပါတယ်၊ ဒါပေမယ့် ဒီအတိုင်းအတာပမာဏဟာ အမြင့်မားဆုံးတော့ မဟုတ်သေးပါဘူး၊ နှစ်နိုင်ငံတို့ဟာ နည်းလမ်းသစ်များ အကောင်ထည်ဖော်ခြင်းနဲ့ နှစ်ဖက်စီးပွားရေး လုပ်ငန်းရှင်များ၊ အဆက်အသွယ်များတိုးမြှင့်ရေးကို ပိုမိုအားပေးရမှာဖြစ်ပါတယ်။

ဘင်္ဂလားဒေ့ရှ်နဲ့ မြန်မာနှစ်နိုင်ငံကို ဆက်သွယ်မယ့်ကားလမ်းဖောက်လုပ်ရေး အတွက် အဆိုပြုချက်နဲ့ ပတ်သက်ပြီးလို့လည်း နှစ်ဖက်အစိုးရတွေက လုပ်ငန်းတွေ စတင်နေတယ်ဆိုတာကိုသိရလို့ ဝမ်းသာပါတယ်၊ နှစ်နိုင်ငံပြည်သူတွေအကြား တည်ရှိပြီး ဆက်သွယ်မှုကို ပိုမိုခိုင်မြဲစေမယ့် ဒီကိစ္စဟာ ဦးစားပေးကိစ္စတစ်ရပ် ဖြစ်ပါတယ်။

မြန်မာနိုင်ငံတွင် နေထိုင်ခဲ့သူများ ၎င်းတို့နေရပ်သို့ ပြန်ရေးကိစ္စမှာလည်း သိသာထင်ရှားတဲ့တိုးတက်မှုတွေရှိခဲ့ပါတယ်၊ နေရပ်သို့ပြန်နိုင်အောင် စေ့စပ် ဖြေရှင်းနိုင်ခြင်း၊ နှစ်နိုင်ငံအကြားပြဿနာ ပေါ်ပေါက်တဲ့အခါ ဆွေးနွေးမှုဖြင့် အဖြေရှာနိုင်တယ်ဆိုတာကို သက်သေပြခြင်းဖြစ်ပါတယ်။

နိဂုံးမချုပ်ခင် အဆွေတော်ဝန်ကြီးချုပ်နဲ့ ကိုယ်စားလှယ်အဖွဲ့ရဲ့ ဘင်္ဂလားဒေ့ရှ် ခရီးစဉ်ဟာ ချမ်းမြေ့ပြီးပျော်ရွှင်တဲ့ ခရီးဖြစ်ပါစေလို့ ဆန္ဒပြုပါတယ်။

ကြွရောက်လာတဲ့ဧည့်သည်တော်များရှင့်-

- **အဆွေတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကျန်းမာ၊ ချမ်းသာစေရန် လည်းကောင်း၊**
- **မြန်မာနိုင်ငံပြည်သူများ ဆက်လက်ပြီး အေးချမ်းသာယာပြီး ချမ်းသာ စေရန်လည်းကောင်း၊**
- **ဘင်္ဂလားဒေ့ရှ်နဲ့ မြန်မာနိုင်ငံအကြား ချစ်ကြည်ရေးနဲ့ ပူးပေါင်း ဆောင်ရွက်ရေး ဆက်လက်ရှင်သန်စေရေးနဲ့ ဘင်္ဂလားဒေ့ရှ်- မြန်မာ နှစ်နိုင်ငံ ချစ်ကြည်ရေးတည်တံ့ခိုင်မြဲစေရန်**

ဆုတောင်းရင်း နိဂုံးချုပ်ပါတယ်။ ။

ဧပြီ ၄ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဆာဗား(Saver)ရှိ အမျိုးသားအာဇာနည်ဗိမာန်တွင် လွမ်းသူ့ပန်းခွေချအလေးပြုပြီး ပရဆေး အမျိုးအနွယ်သစ်ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်း-၃)

(သတင်းစဉ်)

နိကာယ်စာမေးပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၆

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ် ကျင်းပမြဲ ဖြစ်သော နိကာယ်စာမေးပွဲကို ဇွန် ၇ရက်မှ ၁၁ရက်အထိ ငါးရက်တိုင်တိုင် သတ်မှတ်ထားသည့် စာဖြေဌာနများ၌ တစ်ပြိုင်နက် ကျင်းပမည်ဖြစ်သည်။

စာမေးပွဲကျင်းပရက် ငါးရက်အတွင်း သတ်မှတ်ထားသော အုပ်စုအသီးသီး တွင် ပါဝင်သော ပြဌာန်းချက်ကျမ်းစဉ်များအလိုက် နေ့စဉ် မွန်းလွဲ ၁နာရီမှ ညနေ ၅နာရီအထိ ဖြေဆိုခွင့်ပြုမည်ဖြစ်သည်။ စာမေးပွဲအချိန်စာရင်းများကို သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့များသို့ ဆက်လက် ပေးပို့မည်ဖြစ်သည်။

(သတင်းစဉ်)

နှစ်နိုင်ငံနယ်စပ်ဒေသကို သာယာဝပြောတဲ့ဒေသအဖြစ် တည်ဆောက်ရေးသည် အထူးအရေးကြီး ဒီနေ့မြန်မာနိုင်ငံဟာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးရဲ့ အဆင့်သစ်တစ်ခုကို ရောက်ရှိနေ

ဒေသတွင်းနိုင်ငံများက နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်ကို ကြိုဆိုထောက်ခံကြတဲ့အတွက်ဝမ်းမြောက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်

ရန်ကုန် ဧပြီ ၆

ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာက ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အား ဂုဏ်ပြုတည်ခင်းသည့် ညစာစားပွဲတွင် ဗိုလ်ချုပ်ကြီးခင်ညွန့် ပြောကြား သော မိန့်ခွန်း-

အဆွေတော်ဝန်ကြီးချုပ်
ဘီဂမ်ခါလီဒါဇီယာ
ကြွရောက်လာကြတဲ့ ဧည့်သည်တော်များခင်ဗျား-

ဒါကာမြို့တော်ကို ကျွန်တော်တို့ ကိုယ်စားလှယ်အဖွဲ့ ဆိုက်ရောက်လာချိန်ကစပြီး လှိုက်လှဲပျူငှာစွာ ကြိုဆိုခဲ့တဲ့အပြင် ယခုလို ဂုဏ်ပြုညစာစားပွဲနဲ့ တည်ခင်းဧည့်ခံတဲ့အတွက် ကျွန်တော့်အနေနဲ့လည်းကောင်း၊ ကျွန်တော့် ကိုယ်စားလှယ်အဖွဲ့အနေနဲ့လည်းကောင်း ကျေးဇူးဥပကာရတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

ကျွန်တော့်အနေနဲ့ပြောရရင် မကြာသေးတဲ့ နှစ်နှစ်ကျော်ကာလအတွင်းမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ထပ်မံပြီး အလည်အပတ် လာရောက်ခွင့်ရတဲ့အတွက် ဝမ်းမြောက်မိပါတယ်၊ ကျွန်တော့်ခရီးစဉ်ရဲ့ တစ်ခုတည်းသော ရည်ရွယ်ချက်ကတော့ ချစ်ကြည်ရင်းနှီးပြီး နှစ်နိုင်ငံဆက်ဆံရေးကို တိုးတက်ခိုင်မြဲစေရေးပဲ ဖြစ်ပါတယ်။

အဆွေတော်ရဲ့ အရည်အချင်းပြည့်ဝတဲ့ခေါင်းဆောင်မှုအောက်မှာ ဖွံ့ဖြိုးတိုးတက်နေတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့ စီးပွားရေးအခြေအနေကို ကြည့်ရှုခွင့်ရမှာကိုလည်းဝမ်းမြောက်ပါတယ်၊ အဆွေတော်ရဲ့ ဆင်းရဲမွဲတေမှုပပျောက်ရေး အစီအစဉ်ရဲ့ အောင်မြင်မှုရလဒ်တွေဟာ ဖွံ့ဖြိုးဆဲကမ္ဘာရဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ချက်တွေအတွက် နမူနာကောင်းတစ်ရပ်ပဲ ဖြစ်ပါတယ်၊ ဒီလိုအခွင့်ကြုံခိုက်မှာ ကျွန်တော့်အနေနဲ့ ဘင်္ဂလားဒေ့ရှ်အစိုးရရဲ့ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ အောင်မြင်မှုရပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

အဆွေတော်ခင်ဗျား-

ကျွန်တော့်အနေနဲ့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့ ၂၀၀၂ ခုနှစ်က လာရောက်ခဲ့တဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံခရီးစဉ်နဲ့ အဆွေတော်ဝန်ကြီးချုပ်ရဲ့ ယမန်နှစ် မတ်လတုန်းက လာရောက်ခဲ့တဲ့ မြန်မာနိုင်ငံခရီးစဉ်တွေရဲ့ အောင်မြင်မှုတွေကို ဝမ်းမြောက်စွာ ပြန်ပြောင်းပြောကြားလိုပါတယ်၊ ဒီခရီးစဉ်များရဲ့ အောင်မြင်မှုရလဒ်တွေဟာ ကျွန်တော်တို့ နှစ်နိုင်ငံအကြား ကာလရှည်ကြာကတည်းက တည်ရှိတဲ့ ချစ်ကြည်ရင်းနှီးတဲ့ ပူးပေါင်းဆောင်ရွက်မှု ဆက်ဆံရေးရဲ့ သမိုင်းစာမျက်နှာသစ်ကို ဖော်ဆောင်ခဲ့ပါတယ်၊ ချစ်ကြည်ရင်းနှီးတဲ့ အိမ်နီးချင်းနိုင်ငံကို အလည်အပတ်သွားရောက်ရခြင်းနဲ့ အဲဒီနိုင်ငံတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်ရှုလေ့လာခွင့်ရခြင်းတွေဟာ ပျော်ရွှင်ကြည်နူးမှုကို ဖြစ်စေပါတယ်။

ကျွန်တော်တို့နှစ်နိုင်ငံဟာ အိမ်နီးချင်းကောင်း ဆက်ဆံရေးနဲ့ ဆက်ဆံခဲ့ကြပြီး နှစ်နိုင်ငံအကြားမှာ ကြီးမားတဲ့ပြဿနာရယ်လို့ မရှိကြပါဘူး၊ မြန်မာနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ဟာ ကောင်းမွန်တဲ့ဆက်ဆံရေးကို တည်ဆောက်နိုင်ခဲ့ကြတဲ့အပြင် နှစ်နိုင်ငံ နယ်စပ်ဒေသကို တည်ငြိမ်အေးချမ်းတဲ့ဒေသတစ်ခုအဖြစ် တည်ရှိစေခဲ့လို့ ကျွန်တော်တို့အမှန်ပဲ ဂုဏ်ယူနိုင်ခဲ့ကြပါတယ်၊ နှစ်နိုင်ငံနယ်စပ်ဒေသကို သာယာဝပြောတဲ့ ဒေသအဖြစ် ဖန်တီးတည်ဆောက်ရေးဟာ ကျွန်တော်တို့ နှစ်နိုင်ငံအတွက် အထူးအရေးကြီးပါတယ်။

ဒီကနေ့ နေ့လယ်ပိုင်းက ဆွေးနွေးခဲ့တဲ့ ရင်းနှီးမှုရှိပြီး အကျိုးရှိတဲ့ ဆွေးနွေးပွဲရလဒ်တွေဟာ ကျွန်တော့်ကို များစွာအားတက်စေခဲ့ပါတယ်၊ ဒါ့အပြင် ကျွန်တော်တို့ နှစ်နိုင်ငံဆက်ဆံရေးကို အကျိုးဖြစ်ထွန်းစေမယ့် သဘောတူညီချက်များကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါတယ်၊ နှစ်ဖက်စလုံးရဲ့တူညီတဲ့ သဘောဆန္ဒနဲ့အညီ ကျွန်တော်တို့နှစ်နိုင်ငံရဲ့ ဆက်ဆံရေးဟာ လာမယ့်နှစ်များမှာ ပိုမိုခိုင်မြဲလာပြီး နှစ်ဖက်အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများဟာလည်း ပိုမိုတိုးတက်လာလိမ့်မယ်လို့ အပြည့်အဝ ယုံကြည်ပါတယ်၊ မြန်မာနိုင်ငံနှင့်ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံတို့ဟာ ရှေ့လာမည့်နှစ်များတွေမှာ နှစ်နိုင်ငံဆက်ဆံရေးနဲ့ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးနယ်ပယ်တွေမှာ နီးနီးကပ်ကပ် ဆက်လက်လုပ်ကိုင်သွားမှာဖြစ်တယ်ဆိုတာကိုလည်း ပြောကြားလိုပါတယ်၊ ဒေသတွင်း သာယာဝပြောရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘင်းမ်စတက်အဖွဲ့ကြီးက တစ်ဆင့် အတူတကွ ပူးပေါင်းဆောင်ရွက်သွားနိုင်မယ်လို့ မျှော်လင့်ပါတယ်။

အဆွေတော်ဝန်ကြီးချုပ်နဲ့ ဧည့်သည်တော်များခင်ဗျား-

ဒီနေ့မြန်မာနိုင်ငံဟာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးရဲ့ အဆင့်သစ်တစ်ခုကို ရောက်ရှိနေပြီဖြစ်ပါတယ်၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် အချက် ခုနစ်ချက်ပါတဲ့ နိုင်ငံရေးအစီအစဉ်ကို နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်အဖြစ် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါတယ်၊ ပြည်သူလူထုရဲ့ ဆန္ဒနဲ့အညီ ကျွန်တော်တို့နိုင်ငံရဲ့ ရေမြေသဘာဝနဲ့ ကိုက်ညီတဲ့ ဒီမိုကရေစီလူ့အဖွဲ့အစည်းတစ်ရပ် ထူထောင်သွားမယ်ဆိုတာကို အခိုင်အမာပြောကြားလိုပါတယ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အတွက် အခြေခံမူများကို ချမှတ်ပေးမယ့်အမျိုးသားညီလာခံကြီးကိုလည်း လာမယ့်မေလ ၁၇ ရက်နေ့မှာ ပြန်လည်ကျင်းပမှာဖြစ်ပါတယ်၊ အမျိုးသားညီလာခံကျင်းပခြင်းဟာ ကျွန်တော်တို့ရဲ့ နိုင်ငံရေးအစီအစဉ်မှာ ပထမဆုံးအဆင့်ဖြစ်ရုံသာမက အရေးကြီးဆုံးအဆင့်တစ်ဆင့်လည်း ဖြစ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ ဒေသတွင်းနိုင်ငံများက ကျွန်တော်တို့ရဲ့နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်များကို ကြိုဆိုထောက်ခံကြတဲ့အတွက် ဝမ်းမြောက်ပါတယ်၊ ဒါ့အပြင် ကျွန်တော့်အနေနဲ့ ဒီမိတ်ဆွေနိုင်ငံများအားလုံးနဲ့ ကျွန်တော်တို့နဲ့ စိတ်တူသဘောတူတဲ့နိုင်ငံများကိုလည်း အထူးကျေးဇူးတင်ရှိတယ်ဆိုတာ ပြောကြားလိုပါတယ်။

အဆွေတော်ဝန်ကြီးချုပ်ခင်ဗျား-

ယခုခရီးစဉ်အတွင်းမှာ စစ်တကောင်းနဲ့ ဘန်ဒါဗန်တို့ကိုလည်း သွားရောက်လည်ပတ်ခွင့်ရမှာ ဖြစ်ပါတယ်၊ ကျွန်တော်တို့အနေနဲ့ ဒီဒေသမှာရှိတဲ့ လူမှုဘဝတိုးတက်အောင်မြင်မှုများကို လက်တွေ့မြင်တွေ့ရမှာဖြစ်ပါတယ်၊ ကျွန်တော့်အနေနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ်ပြည်သူများ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုရပါစေကြောင်း ဆန္ဒပြုပြောကြားလိုပါတယ်။

ကြွရောက်လာကြတဲ့ဧည့်သည်တော်များနဲ့ မိတ်ဆွေများခင်ဗျား

- **ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံအနေနဲ့ အောင်မြင်တိုးတက်မှုများ ဆက်လက်ရရှိစေရေးအတွက်လည်းကောင်း၊**
- **ပြည်ထောင်စုမြန်မာနိုင်ငံတော်နဲ့ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှု အစွန့်ရှည် တည်တံ့ခိုင်မြဲရေးအတွက်လည်းကောင်း၊**
- **ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေရေးအတွက်လည်းကောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်။**

ကျေးဇူးတင်ပါတယ်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာက ဒါကာမြို့ Hotel Sonargaon ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပြန်လည်မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

နှုတ်ဆက်

ဧပြီ ၄ ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ သံတမန်အဖွဲ့ နာယကနှင့်သံတမန်များအား နှုတ်ဆက်စဉ်။ (သတင်း-၃) (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာက ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

ရန်ကုန် ဧပြီ ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာက ဧပြီ ၄ရက် ညပိုင်းတွင် ဒါကာမြို့ Hotel Sonargaon ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ည ၇နာရီခွဲတွင် ခေတ္တတည်းခိုသည့် ဟိုတယ်မှ ဂုဏ်ပြုညစာစားပွဲ ကျင်းပသည့် ဒါကာမြို့ Hotel Sonargaon သို့ အထူးယာဉ်တန်းဖြင့် ရောက်ရှိလာရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာက ကြိုဆိုနှုတ်ဆက်သည်။

ဂုဏ်ပြုတီးမှုတ်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာနှင့် အဖွဲ့ဝင်များသည် ဂုဏ်ပြုညစာစားပွဲ ကျင်းပမည့် Ball Room I သို့ ရောက်ရှိ နေရာယူပြီးသည်နှင့် နိုင်ငံတော်တီးဝိုင်းက ပြည်ထောင်စု မြန်မာနိုင်ငံတော်သီချင်းနှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သီချင်းတို့ကို ဂုဏ်ပြုတီးမှုတ်ကြသည်။

မိန့်ခွန်းပြောကြား

ယင်းနောက် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာက မိန့်ခွန်းပြောကြားသည်။

(ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာ၏ မိန့်ခွန်းကို စာမျက်နှာ–၁၀တွင် ဖော်ပြထားပါသည်။)

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပြန်လည် မိန့်ခွန်းပြောကြားသည်။

(နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၏ မိန့်ခွန်းကို စာမျက်နှာ–၁၁ တွင် ဖော်ပြထားပါသည်။)

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များ နှင့်အတူ ညစာအတူ သုံးဆောင်ကြသည်။

တက်ရောက်

ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်ညွန့်တင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်၊ ဘင်္ဂလားဒေ့ရှ်ဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းမြင့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် စစ်သံမှူး ဗိုလ်မှူးကြီးဟန်တင့်တို့ တက်ရောက်ကြပြီး ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့်အတူ ဘင်္ဂလားဒေ့ရှ် အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ အတွင်းဝန်များ၊ ပါလီမန်အမတ်များ၊ ဒါကာမြို့တော်ဝန်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနအကြီးအကဲများ၊ သံအမတ်ကြီးများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲကို နိုင်ငံတော်တီးဝိုင်းက နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများကို တီးမှုတ်ကြကာ ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များ ခေတ္တတည်းခိုသည့် Hotel Sheraton သို့ ရောက်ရှိရပ်နားကြသည်။

(သတင်းစဉ်)

တည်ခင်းဧည့်ခံ

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာက ဒါကာမြို့ Hotel Sonargaon ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။

(သတင်းစဉ်)

ဧပြီ ၄ရက်က ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဒါကာမြို့ရှိ သမ္မတကြီး ဇီယာရာမန်၏ ဂူဗိမာန်တွင် လွမ်းသူ့ပန်းခွေချ အလေးပြုစဉ်။

(သတင်း–၃) (သတင်းစဉ်)

သကြ္ကန်ရက်အတွင်း ပိတ်ရက်မရှိ အမြန်ချောပို့လုပ်ငန်း ဆောင်ရွက်ပေးမည် ရေပက်ကစားခြင်းမပြုလုပ်ရန် မေတ္တာရပ်ခံ

ရန်ကုန် ဧပြီ ၆

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မြန်မာသက္ကရာဇ် ၁၃၆၅ခုနှစ် မဟာသကြ္ကန်ရက်များအတွင်း မဟာသကြ္ကန် ပထမအကြတ်နေ့ဖြစ်သည့် မြန်မာသက္ကရာဇ် ၁၃၆၅ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၁၀ရက်၊ ဧပြီ ၁၄ရက်တွင် အများပြည်သူတို့၏ အကျိုးစီးပွားအလို့ငှာ ရိုးရိုးစာဝေလုပ်ငန်းများနှင့် ကြေးနန်းစာဝေ လုပ်ငန်းများကို နားရက်မယူဘဲ ဆောင်ရွက်ပေးမည်ဖြစ်သည်။ အမြန်ချောပို့လုပ်ငန်းကိုမူ မဟာသကြ္ကန်ရက်များအတွင်း ပိတ်ရက်မရှိ နေ့စဉ် ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

အဆိုပါ ရက်များအတွင်း ဝတ်စုံပြည့်ဖြင့် တာဝန်ထမ်းဆောင်နေကြသည့် စာပို့လုလင်များ၊ ကြေးနန်းပို့လုလင်များကို ရေပက်ကစားခြင်း မပြုလုပ်ကြရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက မေတ္တာရပ်ခံထားသည်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမျိုးသမီးအထူးတာဝန်တပ်ဖွဲ့၏ စွမ်းရည်ပြသမှုကို ကြည့်ရှုအားပေးစဉ်။

(ရဲတပ်ဖွဲ့)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌအား

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမျိုးသမီးအထူးတာဝန်တပ်ဖွဲ့မှ စွမ်းရည်ပြသ

ရန်ကုန် ဇွန် ၆

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌအား ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမျိုးသမီးအထူးတာဝန်တပ်ဖွဲ့၏ စွမ်းရည်ပြပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်တိုင်း သန်လျင်မြို့နယ် အမှတ်(၇) ရဲတပ်ရင်း၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် ဒုတိယဥက္ကဋ္ဌများ၊ အကြံပေးပုဂ္ဂိုလ်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး လုပ်ငန်းအဖွဲ့အကြံပေးပုဂ္ဂိုလ်၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါ်ခင်လှလှက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး အထူးတာဝန်တပ်ဖွဲ့နှင့်ပတ်သက်၍ တပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ထွန်းထွန်းလွင်က ရှင်းလင်းတင်ပြသည်။

စွမ်းရည်ပြပွဲ

ဆက်လက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမျိုးသမီး အထူးတာဝန်တပ်ဖွဲ့၏ စွမ်းရည်ပြပွဲ အခမ်းအနားကို ကျင်းပရာ အမျိုးသမီးအထူးတာဝန်တပ်ဖွဲ့၏ အထူးကြိုဆိုမှုအစီအစဉ်၊ အဖျက်သမားများ၏ တုတ်၊ ဓား၊ သေနတ်လက်နက်များဖြင့် တိုက်ခိုက်ခံရမှုမှ ကာကွယ်ပေးခြင်း၊ ယုံကြည်မှုကွင်းတွင် အခက်အခဲ အတားအဆီးများ ဖြတ်ကျော်ခြင်း၊ အနီးကပ်တိုက်ခိုက်မှု သရုပ်ပြခြင်း၊ မိုင်းရှာဖွေရှင်းလင်းခြင်း၊ လက်နက်ငယ်ကျွမ်းကျင်မှု သရုပ်ပြခြင်း၊ ပစ္စတိုပစ်ခတ်မှု သရုပ်ပြခြင်း၊ စင်မြင့်ပေါ်မှ လက်ဖြောင့်ပစ်ခတ်ခြင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မိသားစုဝင်များက အမြင့်ဆင်းသက် တိုက်ခိုက်မှုများ သရုပ်ပြသခြင်း၊ လူကုန်ကူးသည့် ဒုစရိုက်အဖွဲ့အား စီးနင်းတိုက်ခိုက်၍ သားကောင်များကို ကယ်တင်ခြင်းတို့ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမျိုးသမီးအထူးတာဝန်တပ်ဖွဲ့ဝင်များက စွမ်းရည်ပြသကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက သြဝါဒစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဂုဏ်ပြုငွေချီးမြှင့်

ယင်းအခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမျိုးသမီးအထူးတာဝန်တပ်ဖွဲ့အား မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဂုဏ်ပြုငွေကျပ်နှစ်သိန်းကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ချီးမြှင့်သည်။ ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများ၊ အကြံပေးပုဂ္ဂိုလ်များ၊ လုပ်ငန်းအဖွဲ့ဝင်များကိုယ်စား မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်က ဂုဏ်ပြုငွေကျပ် ကိုးသောင်းလေးထောင်ကို လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့အကြံပေးပုဂ္ဂိုလ်၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး၏ဇနီး ဒေါ်ခင်လှလှက ဂုဏ်ပြုငွေကျပ် တစ်သိန်းကို လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီးပွားရေးလုပ်ငန်းအဖွဲ့ကိုယ်စား အဖွဲ့ခေါင်းဆောင် ဒေါ်ခင်မြင့်မြင့်က ဂုဏ်ပြုငွေ ကျပ်နှစ်သိန်းကို လည်းကောင်း၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များက ဂုဏ်ပြုငွေကျပ် ခုနစ်သောင်းစီကို လည်းကောင်း အသီးသီး ဂုဏ်ပြုချီးမြှင့်ခဲ့သည်။ (သတင်းစဉ်)

ပန်းတနော်မြို့နယ်၌ နွေစပါးစံကွက်ရိတ်သိမ်း

ရန်ကုန် ဇွန် ၆

ပန်းတနော်မြို့နယ် မြစ်ဝရေကြီးကွင်း ခန္ဓကဘိုကျေးရွာအုပ်စု ဖိုးလမင်းကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးကျင်ငြိမ်း၏ ဧက ၇၀ နွေစပါး စံကွက်ရိတ်သိမ်းခြင်း အခမ်းအနားကို ဇွန် ၂ ရက် နံနက် ၉ နာရီကကျင်းပသည်။

အခမ်းအနားသို့ မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်မောင်၊ အဖွဲ့ဝင် (၁) ဦးအောင်မြင်၊ ပန်းတနော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်တင်၊ ခရိုင်စိုက်တိုးမြှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်တိုးမြှင့် အဖွဲ့ဝင်များနှင့် ခန္ဓကဘိုကျေးရွာအုပ်စုနှင့် အနီးပတ်ဝန်းကျင်ကျေးရွာအုပ်စုများမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

အဆိုပါဦးကျင်ငြိမ်း၏ နွေစပါး ဧက ၇၀ကို စံကွက်ရိတ်သိမ်းရာတွင် မနောသုခစပါး တစ်ဧက ၁၀၅တင်း ထွက်ရှိသည်ဟုသိရသည်။

(က-ပ)

ကွက်ကျားမိုး

ရန်ကုန်မြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာရှိသည်။ ရွာရန် ရာနှုန်း ၄၀ ဖြစ်သည်။

မြန်မာ့ယဉ်ကျေးမှုသကြ်န်

* အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
* သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသကြ်န်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ရေခဲထုပ်၊ ရေပူဖောင်း ဆပ်ပြာရည် ဂက်စ်ဘူးဖြင့် ကစားက

၁။ လက်ဝယ်တွေ့သူ ထောင်(၁)နှစ်

၂။ ကစားသူ ထောင်(၃)နှစ်

၃။ ထုတ်လုပ်ရောင်းချသူ ထောင်(၅)နှစ်နှင့် ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ပန်းညှော်သည်

*** သင်္ကြန်ရွှေရည်၊ စက်သွန်းသည်ကို
နေခြည်ရောင်ဟပ်၊ တဖျတ်ဖျတ်သို့
ပန်းမြတ်နံ့သာ၊ ပိတောက်ဝါသည်
မဟာဣန္ဒြေ၊ ဆောင်ယူလေလျက်
နွေ၏အဖော်၊ "တာ"ပွဲတော်ကို
မျှော်ယောင်လေနှင့်၊ စွမ်းကုန်ပွင့်။**

*** လေပြည်ဝေ့ဝဲ၊ တိုးဝှေ့ဆဲတွင်
ရင်ထဲအေးမြ၊ ချိုမွှေးစွတည့်
သင်းပရနံ့၊ လေပြည်ဖြန့်၍
ရှင်းသန့်လန်းဆန်း၊ ပိတောက်ပန်းသည်
ပက်ဖျန်းနံ့သာ၊ သွန်းလောင်းပါသို့
ကြိုင်စွာ လှိုင်စွာ၊ မွှေးရနံ့ဖြာ။**

*** အတာမိုးပြေး၊ ရွာဟန်ရေးကြောင့်
ကြည်အေးစိမ်းမြ၊ ရွက်သစ်လှသည်
ကြွရှုပျိုမျစ်၊ မြရောင်ဝင့်တွင်
ပွင့်သစ်ဝါလှ၊ ရောစွက်သကြောင့်
မြတဘက်ဝယ်၊ ရွှေဆေးခြယ်သို့
စိမ်းဝယ်ဝါခ၊ ရွှေနှင့်မြ။**

*** တစ်နှစ်တစ်ခါ၊ ပွဲအတာကို
ကြိုလာသည့်နှယ်၊ ဝါရောင်ခြယ်၍
တင့်တယ်ဣန္ဒြေ၊ ကြီးစွာလေနှင့်
စိုပြည်အဆင်း၊ ရနံ့သင်းကို
ဖန်ဆင်းဆောင်ယူ၊ ရွှေနှင့်တူသော
ဇမ္ဗူရွှေရစ်၊ နတ်ထုဆစ်သို့
ပွင့်သစ်ရွှန်းတောက်၊ လက်ရာမြောက်သည့်
ပိတောက်ရွှေစင်၊ ပန်းတော်ဝင်ကို
ကြည်ရွှင်အေးစေ၊ အတာရေနှင့်
"ကြိုနေဦးမည်၊ ပန်းညှော်သည်"
"စိုပြည်နူးကြည်၊ လန်းခဲ့ပြီ။"**

ရန်နိုင်ဦး

သတိ

၁။ လေပေါင် ၁၀၀မှ ၁၅၀အထိ အတင်အချ ပြုလုပ်၍ရသည့် ကွန်ပရက်ဆာပန့်များဖြင့် ရေပက်ကစားခြင်းကြောင့် ရေဖူးအား ပြင်းလွန်း၍ ရေပက်ခံရသူတွင် အသားရေများ ပွန်းပဲ့စုတ်ထွက်နိုင်ခြင်း၊ မျက်စိ၊ နားများအား ထိုးမိပါက မျက်လုံး၊ နားကန်းနိုင်ခြင်း အန္တရာယ်ဖြစ်စေနိုင်ပါသဖြင့် ရေကစားမဏ္ဍပ်များ၊ ရေပက်ခံကားများတွင် ကွန်ပရက်ဆာပန့်များအသုံးပြု၍ ရေပက်ခြင်းမပြုရန် တားမြစ်ပါသည်။

၂။ သင်္ကြန်ရေပက်ကစားခြင်းအား သင်္ကြန်ရက်များအတွင်း နေ့စဉ် နံနက် ၀၇း၀၀နာရီမှ ၁၈း၀၀နာရီအတွင်းသာ ရေပက်ကစားကြရန်နှင့် ၁၈း၀၀နာရီနောက်ပိုင်း ရေပက်ကစားခြင်းမပြုရန် တားမြစ်ပါသည်။

၃။ တားမြစ်ချက်အား ဖောက်ဖျက်ပါက ထိရောက်စွာ အရေးယူခံရမည်ဖြစ်ပါသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်ရှား

ရန်ကုန် ဧပြီ ၆

၂၀၀၄ခုနှစ် ဧပြီလ ၆ရက် မြန်မာစံတော်ချိန် ၀၃နာရီ ၅၉မိနစ် ၄၆စက္ကန့်အချိန်တွင် ကမ္ဘာ့အေးမြေငလျင်စခန်း၏ အနောက်မြောက်ဘက် ၂၁၅၀မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပနေရာကို ဗဟိုပြု၍ အင်အား ရစ်ချ်စတာစကေး ၆ဒသမ ၆အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားခြင်းကို တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပြန်သည်။

Q.E.L.C (Language Centre)

* 4 Skills English (Basic) April (26)
* April (24)
* English Skills Foundation
IELTS, TOEFL, Writing, Grammar April (24)

AMIGO TRAVEL SERVICE

AMIGO တို့ရဲ့ ချောင်းသာ

(၁) မုဂံ၊မုမ္ဗား – HOTEL **

(၂) ချောင်းသာ – HOTEL MAX

(သောကြာ၊ စနေတိုင်း) တစ်ပတ်ကြိုတင် ၂%၊

သီးသန့်ခရီးများစီစဉ်ပေးပါသည်။ ၂လကြိုတင် ၁၆% off

အမှတ်(၅)၊ ကန့်တော်မြိုင်လမ်း၊ ပါရမီရိပ်သာ၊ ရန်ကင်း။

ဖုန်း- ၆၅၀၆၈၇၊ ၀၉၅၀ ၁၂၇၂၂ amigo@mail2spain.com

MIT Software Promotions

ဆော့ဖ်ဝဲ နှစ်ကူးအထူးလျှော့ဈေး

(Economy Versions Only)

BizAcc

MultiPOS

R-POS

Hotelia

Up to 70% Discounts

ကျပ်(၉၀၀၀၀) ဖြင့်

စားသောက်ဆိုင်အမည်အမှတ်အသားတံဆိပ်မူပိုင်ဖြစ်ကြောင်း သတိပေးကြော်ငြာချက်

[illegible]

ခုခံအားကျဆင်းမှုကူးစက်ရောဂါနှင့် အသည်းရောင်အသားဝါရောဂါတို့ကို တိုင်းရင်းဆေးနည်းဖြင့် ပျောက်ကင်းကြောင်း ကြော်ငြာသူများအား တွေ့ဆုံဆွေးနွေး ဆေးဝါးအာနိသင်ရှိ၊ မရှိ စမ်းသပ်စစ်ဆေးပြီး မှန်ကန်မှုမရှိပါက ကုသခွင့်ပိတ်ပင်မည်

ရန်ကုန် ဧပြီ ၆

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌ ဒေါက်တာသိန်းဆွေနှင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ (HIV/AIDS) နှင့် အသည်းရောင်အသားဝါရောဂါတို့ကို တိုင်းရင်းဆေးနည်းဖြင့် ပျောက်ကင်းကြောင်း နေ့စဉ်ထုတ်သတင်းစာများနှင့် မဂ္ဂဇင်း၊ ဂျာနယ်များ၌ ကြော်ငြာသူ တိုင်းရင်းဆေးဆရာများ တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့တွင် တိုင်းရင်းဆေးပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

ဆွေးနွေးပွဲသို့ တိုင်းရင်းဆေး ကောင်စီဝင် သမားတော်ကြီးများနှင့် တိုင်းရင်းဆေးပညာ ဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ယင်းတွေ့ဆုံပွဲ၌ တိုင်းရင်းဆေး ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးကောင်စီ ဥက္ကဋ္ဌ ဒေါက်တာသိန်းဆွေက ခုခံအား ကျဆင်းမှု ကူးစက်ရောဂါ (HIV/AIDS) နှင့် အသည်းရောင်အသားဝါ ရောဂါများ အမှန်တကယ်ပျောက်ကင်းသည်ဟုဆိုရာတွင် သက်သေအထောက်အထားခိုင်မာရန် လိုအပ်ကြောင်း၊ ခိုင်မာမှု မရှိပါက ပြည်သူအများ ထင်ရောင်ထင်မှား ဖြစ်စေပြီး နောက်ဆက်တွဲ ဆိုးကျိုးများ ရရှိစေမည် ဖြစ်ကြောင်းနှင့် ကြော်ငြာသူတို့၏ ဆေးဝါးများ အာနိသင်ရှိ၊မရှိကိုလည်း စနစ်တကျ စမ်းသပ်စစ်ဆေးပြီး မှန်ကန်မှုရှိပါက ပြည်သူတို့အား အသိပေးသွားမည်ဖြစ်ပြီး မှန်ကန်မှုမရှိပါက ယင်းဆေးဝါးများဖြင့် ကုသနေခြင်းကို ပိတ်ပင်တားဆီးမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

အလားတူပင် မန္တလေးမြို့၌လည်း ဖေဖော်ဝါရီ ၂၈ရက်တွင် ယင်းခုခံအား ကျဆင်းမှု ကူးစက်ရောဂါ (HIV/AIDS) ကုသပျောက်ကင်းကြောင်း ကြော်ငြာသူ တိုင်းရင်းဆေးသမားတော်များနှင့် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊တိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌ ဒေါက်တာသိန်းဆွေက တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ (သတင်းစဉ်)

မွေးနေ့မင်္ဂလာဆုမွန်လွှာ

၆–၄–၂၀၀၄ရက်တွင် ကျရောက်သော သမီးအထွေးဆုံး **"ဥရွှေရည်ချစ်"** ၏ (၁)နှစ်မြောက် မွေးနေ့မှသည် အသက်ထက်ဆုံးတိုင် အနာဂတ်ဘဝတစ်လျှောက်လုံး ကျန်းမာချမ်းသာပြီး အောင်မြင်မှုများစွာဖြင့် ပျော်ရွှင်သောဘဝကို ပိုင်ဆိုင်သည့် သမီးကောင်းရတနာလေး ဖြစ်ပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

ဘိုးဘိုး–ဘွားဘွား – ဦးချစ်ဟန်–ဒေါ်မြကြည်
ဘွားဘွား – ဒေါ်ခင်မေ
ဖေဖေ – ဗိုလ်ကြီးအေးချစ်
မေမေ – မနီနီ (ရွှေရည်ပွဲရုံလုပ်ငန်း)
ကိုကိုကြီး – သော်ဇင်ထက် 3rd Year (Eco)
ကိုကိုလေး – သူရအောင်ထက် T.T.C (လှိုင်)
မမ – နန်းရွှေရည်ထက်

တော်ဝင်

အဆင့်မြင့်ခန်းဆီးလိုက်ကာ

အမှတ် (၂၅)၊ နတ်စင်လမ်း(သိတာလမ်းအနီး)ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်။ ☎542311 09-5002003

မြေကွက်ရောင်းမည်

ပြင်ဦးလွင်မြို့၊ နန္ဒာလမ်းမကြီး (အမျိုးသားဥယျာဉ်သွားလမ်း)ပေါ်ရှိ ပေ ၁၀၀ X ပေ ၂၅၀။

09 5019141, 524859
(085) 21449.

အမည်ပြောင်းခြင်း

အထက(၄)ပုဇွန်တောင် သတ္တမတန်း(A)မှ အဘ ဦးသန်းလွင်၏သမီးဖြစ်သူ မထက်ထက်အောင်(၂)အား ယနေ့မှစ၍ မထူးစန္ဒီလွင်ဟု ပြောင်းလဲခေါ်ပါရန်။ **မထူးစန္ဒီလွင်။**

World Wide Web Institute

Geneva, Switzerland

Myanmar WWW Institute
Bldg (5), Room (4), MICT Park
Hlaing Campus, Yangon

Opening Date 23.4.2004

★ Email Account

☎ : 652288

Certified Java Programmer

Syllabus
* Java Environments
* Java Fundamentals
* OOP
* Exceptions Handling
* Advanced Class Features
* Collections Framework
* IO Package
* Applets & Java Security
* Threads
* GUI, AWT & Swing
* JDBC, JSP, RMI & many more ...

ချင်းတွင်း

ကော့သောင်း-

ပင်လယ်ကူးဇိမ်ခံသင်္ဘောအသစ်ကြီးဖြင့် သူရဲ့ကျွန်း

မဟာသင်္ကြန် ခရီးထွက်တော့မည်

ထွက်ခွာမည့် နေ့ရက်		(၁၀ - ၄ - ၂၀၀၄) စနေနေ့ (ညနေ ၄-နာရီ)
သတင်းပို့ရမည့် နေရာ		သာကေတမြန်မာ့ကြယ်ငါးပွင့်ဆိပ်ခံတံတား
သတင်းပို့ရမည့် အချိန်		(၁၀ - ၄ - ၂၀၀၄) စနေနေ့ (ညနေ ၂-နာရီ)
ပြန်လည်ရောက်ရှိမည့် နေ့ရက်		(၁၆ - ၄ - ၂၀၀၄) အတာသင်္ကြန်အတက်နေ့ နေ့လည် (၁၂ : ၀၀) နာရီ

လက်မှတ်အနည်းငယ်သာ ကျန်ရှိတော့သည်ဖြစ်ပါ၍ အမြန်ဆုံးဆက်သွယ်ဝယ်ယူကြပါရန်။

တိုက် 11/A ☎:501986, 526722, 09-500-1123

☎: (02) 39963, 09-200-1248

နေကာနန်းတော်၊ ပါပါနန်းတော်၊ နာရီနန်းတော်

၂၀၀၄ ခုနှစ် မဟာသင်္ကြန်နှစ်သစ်ကူးအထူးအစီအစဉ်

(၁–၄–၂၀၀၄) နေ့မှ (၁၂–၄–၂၀၀၄) အထိ

T-Shirt

Discount 5% to 20%

B3 Ext

မြို့နယ်သတင်းများ

မိုးကုတ်ဝိပဿနာ ဒုလ္လဘ တရားစခန်းဖွင့်မည်

ဖျာပုံ ဧပြီ ၅

ဧရာဝတီတိုင်း ဖျာပုံမြို့နယ် သမိန်ထောကျေးရွာ သဒ္ဒါဓိက မိုးကုတ်ဓမ္မရိပ်သာ၏ ပဓာန နာယကဆရာတော် (သာသနဓဇ ဓမ္မာစရိယ) ဘဒ္ဒန္တစန္ဒိမာဘိဝံသသည် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယကိုခံယူ၍ (၂၆)ကြိမ်မြောက် ဒုလ္လဘရဟန်းတော်များ အထူးတရားစခန်းပွဲကို ဧပြီ ၁၁ ရက်မှ ၁၇ ရက်အထိလည်းကောင်း၊ ယောဂီများ၏ ခုနစ်ရက် တရားစခန်းပွဲကို ဧပြီ ၂၁ ရက်မှ ၂၇ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

တိုင်းရင်းဆေးတက္ကသိုလ် ကျောင်းသားများလေ့လာ

ရွှေဘို မတ် ၃၁

မန္တလေး တိုင်းရင်းဆေးတက္ကသိုလ် အပတ်စဉ်(၁)တတိယနှစ်ကျောင်းသား၊ ကျောင်းသူ ၁၇၇ ဦးပါဝင်သော လေ့လာရေးအဖွဲ့သည် တိုင်းရင်းဆေးတက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာမြတ်မိုး ဦးဆောင်လျက် ဆရာ၊ ဆရာမ ခုနစ်ဦး ကြီးကြပ်လိုက်ပါလာပြီး မတ် ၂၂ ရက် မွန်းလွဲပိုင်းက ရွှေဘိုမြို့ရှိ ရပ်ပျိုတိုင်းရင်းအထူးကုဆေးခန်း၊ ရပ်ပျိုတိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးစက်ရုံ အမှတ်(၁)နှင့်(၂)သို့သွားရောက်လေ့လာကြသည်။

လေ့လာရေးအဖွဲ့အား ရပ်ပျိုတိုင်းရင်းဆေးအစည်းအဝေးခန်းမတွင် ဦးဆောင်စီမံအုပ်ချုပ်သူ ဆရာဦးဘိုကြီးနှင့် အထွေထွေမန်နေဂျာဦးဇော်ဇော်တို့က ရှင်းလင်းပြောကြားကြသည်။ (က-ပ)

သုံးခွကျေးရွာ မိုးကုတ် ၁၀ ရက်စခန်း

ဒိုက်ဦး ဧပြီ ၅

ဒိုက်ဦးမြို့နယ် သုံးခွကျေးရွာ ကံသာကျောင်းတိုက် မိုးကုတ် ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ(၃၅၇)တွင် ၁၀ ရက် တရားစခန်းပွဲကို မေ ၈ ရက်မှ ၁၇ ရက်ထိ ကျင်းပမည်ဖြစ်သည်။

စခန်းပွဲတွင် ကံသာကျောင်းတိုက် ဆရာတော် အရှင်ကေလာသနှင့် အောင်ဆန်းတောရ တပ်ဦးကျောင်းတိုက်မှ ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တဓမ္မဓဇ အရှင်သူမြတ်တို့က မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာလေးပါး တရားတော်များကို ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများနှင့် အလှူရှင်များသည် ဒေါ်ချို၊ ဒေါ်သန်းသန်း အမှတ်(၂၆၆)၊ လှည်းတန်းလမ်းမ ရန်ကုန်မြို့ ဖုန်း-၅၁၄၆၈၄၊ ကံသာကျောင်း ၀၅၂-၄၀၂၄၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကွမ်းခြံကုန်းမြို့နယ် ရုံးမှ ကြီးမှူးဖွင့်လှစ်သည့် စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းအမှတ်စဉ်(၁/၂၀၀၄) ဖွင့်ပွဲကို မတ် ၂၂ရက်က အထက(၂) ခန်းမ၌ပြုလုပ်ရာ ရန်ကုန်တောင်ပိုင်းခရိုင် ဦးစီးအရာရှိ ဦးတင်မောင်အေးက သင်တန်းဖွင့် အမှာစကားပြောကြားစဉ်။
(ခရိုင်-ပြန်/ဆက်)

မော်လမြိုင်မြို့ မဟာမြတ်မုနိဘုရားကြီး နှစ်တစ်ရာပြည့်အထိမ်းအမှတ် ဗုဒ္ဓပူဇနိယပွဲတော်နှင့် နှစ်တစ်ရာပြည့် အခမ်းအနားကျင်းပမည်

မော်လမြိုင် ဧပြီ ၅

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ မဟာမြတ်မုနိဘုရားကြီး **(ယာပုံ)** ၏ နှစ်တစ်ရာပြည့်အထိမ်းအမှတ် ဗုဒ္ဓပူဇနိယပွဲတော်နှင့် နှစ်တစ်ရာပြည့်အခမ်းအနားကို ၁၁ ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ရာ ဧပြီ ၂၃၊ ၂၄ နှင့် ၂၅ ရက်တို့တွင် အသံမစဲ မဟာပဋ္ဌာန်းပူဇော်ခြင်း၊ ဧပြီ ၂၆၊ ၂၇နှင့် ၂၈ရက်တို့တွင် တရားပွဲများ ကျင်းပခြင်း၊ ဧပြီ ၂၉ရက်တွင် ရာပြည့်မင်္ဂလာ စာမူဆုပေးပွဲ ကျင်းပခြင်း၊ ဧပြီ ၃၀ ရက်၊ မေ ၁၊ ၂နှင့် ၃ ရက်တို့တွင် ပျော်ပွဲရွှင်ပွဲများဖြင့် ကျင်းပပြီး ရာပြည့် အခမ်းအနားကို မေ ၂ရက်တွင် ကျင်းပမည်ဖြစ်သည်။



ရေစက်ချလှူဒါန်း

ထို့နောက် ဘုရားကြီးအား ရွှေစင်ရွှေသား ၆၄ ကျပ်သားကျော် ပန်းဒေါက်တော်ဖြင့် တင်လှူပူဇော်ခြင်း၊ သမိုင်းဝင်ကျောက်စာတိုင်ဖွင့်လှစ်ခြင်းနှင့် နှစ်တစ်ရာပြည့် အထိမ်းအမှတ်အဖြစ် ဆောက်လုပ်ထားသော သိန်း ၇၀၀ ကျော်တန်ဖိုးရှိ ဓမ္မသာလာဆောင်တို့ကို ရေစက်ချလှူဒါန်းမည်ဖြစ်သည်။

(သတင်းစဉ်)

ဂုဏပူဇာမင်္ဂလာ ပူဇော်မည်

လောင်းလုံ ဧပြီ ၅

တနင်္သာရီတိုင်း လောင်းလုံမြို့နယ် ပန်းတင်အင်းရွာ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒက္ခိဏာရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တစန္ဒိမာလာ မထေရ်မြတ်အား မဟာထေရ်ဂုဏပူဇာမင်္ဂလာ ပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၈ရက်တွင် ဆင်ယင်ကျင်းပ ပူဇော်ကြမည်ဖြစ်ပါ၍ ပန်းတင်အင်းရွာ ဒက္ခိဏာရုံကျောင်းတိုက်သို့ ကြွရောက်ပူဇော်နိုင်ကြောင်း သိရသည်။ (က-ပ)

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် ကျေးရွာစက်ရေတွင်း ဖွင့်ပွဲအခမ်းအနားကို မတ် ၁၇ ရက်က သဖန်းချောင်းကျေးရွာတွင် ကျင်းပခဲ့ရာ ရမည်းသင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ကြည်ရှိန်နှင့် ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးဝင်းကျော်(ဒုတိယညွှန်ကြားရေးမှူး)တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။
(မြို့နယ်စည်ပင်)

စာရေးဝန်ထမ်း စွမ်းရည်မြင့်သင်တန်းဖွင့်

လှိုင်လင် မတ် ၃၁

လှိုင်လင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်းအမှတ်စဉ်(၁/၂၀၀၄)ကို မတ် ၂၂ ရက် နံနက်ပိုင်းက လှိုင်လင်မြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတွင်ကျင်းပရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူးများ၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး လှိုင်လင်ခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်က အမှာစကားပြောကြားသည်။ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၁၁ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တပတ် သုံးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ဘိုကလေးမြို့တွင်း ကိုယ့်အားကိုယ်ကိုး ရေမြောင်းကူး ကွန်ကရစ်ပုံးများ ဆောင်ရွက်

ဘိုကလေး မတ် ၃၁

ဘိုကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့မ(၁) ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ပိတောက်လမ်းနှင့်အောင်စကြာ ဘုရားလမ်းထောင့်တွင် ကိုယ့်အားကိုယ်ကိုး ရေမြောင်းကူး ကွန်ကရစ်အဖုံးများကို ရပ်ကွက်ပြည်သူများ၏ ထည့်ဝင်ငွေဖြင့် မတ် ၈ရက်တွင် ဆောင်ရွက်ပြီးစီးခဲ့သည်။

ကြိုတင်စီမံ

အဆိုပါ ကွန်ကရစ် ရေမြောင်းဖုံး တစ်ခုမှာ အရှည်ပေ ၃၀၊ အကျယ် ခြောက်ပေဖြစ်ပြီး နှစ်ခုအတွက် စုစုပေါင်း ပြည်သူထည့်ဝင်ငွေ ကျပ် ၁၀ သိန်း ကျခံသုံးစွဲခဲ့သည်။ လာမည့် မိုးရာသီတွင် မြို့တွင်းလမ်းဘေးဝဲ၊ ယာ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးနှင့် မြို့တွင်း ကတ္တရာလမ်းများ ရေကျော်ပျက်စီးမှု နည်းပါးစေရန် ကြိုတင်စီမံဆောင်ရွက်ခြင်းဖြစ်သည်။

(မြို့နယ်စည်ပင်)

ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကျေးလက်ဒေသရေရရှိရေးအတွက် တာဝန်ယူ ဆောင်ရွက်ခဲ့သော ဆင်ထုံးကျေးရွာအုပ်စု ကျိန်ပင်ဆယ်ကျေးရွာ လက်နှိပ်ပန့် ရေတုံကင်ဖွင့်ပွဲကို မတ် ၂၇ရက်ကကျင်းပရာ မြို့နယ် အဖွဲ့ဝင်(၂)ဦးစိုးမြင့်ထွန်း၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်ပိုင်နှင့် ဦးအောင်မြသန်းတို့ကဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (၁၆၁)

သန်လျင်မြို့ အမက(မူ/လွန်) တပ်တွင်းအခြေခံပညာ မူလတန်းဆင့် သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲကို မတ် ၂၅ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးသန်းထွန်းက မောင်ကျော်စွာအုန်းတင့်အား မူလတန်းဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်စဉ်။ (က-ပ)

ပျိုးဥယျာဉ်တည်ထောင်

ကျောက်ဆည် မတ် ၃၀

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလေးလွင်သည် ကျောက်ဆည်ခရိုင်အတွင်း စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် ခရိုင်ပျိုးဥယျာဉ်တည်ထောင်ထားပြီး ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်နှစ်သိန်း ပျိုးထောင်ခြင်း၊ ပျိုးနုတ်ခြင်း၊ မြေခင်းအလှဆင်ခြင်းလုပ်ငန်းများကို အဖွဲ့ဝန်ထမ်းများနှင့် အတူ ဆောင်ရွက်ကြကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

မီးဘေး ကြိုတင်ကာကွယ်ရေး လေ့ကျင့်

ဝမ်းတွင်း ဧပြီ ၁

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် သဲတောဈေးကြီးတွင် မတ် ၁၆ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဝင်း၊ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောထွန်းစိန်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးညွန့်မောင်တို့ ကြီးကြပ်ပြီး မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ သဲတောဈေး အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအကျိုးဆောင်အဖွဲ့ဝင်များ ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး ဓာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ကြကြောင်း သိရသည်။ **(အောက်ပုံ)** (မြို့နယ်စည်ပင်)

အရာတော်မြို့နယ် စိုက်စရိတ်ပြေကျေ

အရာတော် မတ် ၂၉

စစ်ကိုင်းတိုင်း မုံရွာခရိုင် အရာတော်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၏ ၂၀၀၃ ခုနှစ် မိုးရာသီ မိုးစပါးစိုက်ပျိုးရေးစရိတ် ဘဏ်ချေးငွေကျပ် ၄၄၆ သိန်း ကိုးသောင်း ခုနစ်ထောင်ကို မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၃၆ အုပ်စုမှ ဘဏ်အဖွဲ့ဝင် တောင်သူပေါင်း ၇၃၈၈ ဦးအား ထုတ်ချေးခဲ့ရာ တောင်သူများ၏ တာဝန်သိစိတ်ဓာတ်ဖြင့် ပေးဆပ်မှုကြောင့် ရာနှုန်းပြည့် အပြေအကျေ ကောက်ခံရရှိပြီးဖြစ်သည်။

(မြို့နယ်ပြန်/ဆက်)

သုဒဿီဗဟိုရိပ်သာရုံ မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၆

တောင်ဥက္ကလာပမြို့နယ် (၇)ရပ်ကွက်လုံးဆိုင်ရာ သုဒဿီဗဟိုရိပ်သာရုံ (၁၂)ကြိမ်မြောက် မိုးကုတ်ဝိပဿနာ ခုနစ်ရက် တရားစခန်းပွဲကို ဧပြီ ၁၁ ရက်မှ ၁၇ ရက်ထိ ကျင်းပမည်ဖြစ်ရာ တရားစခန်းပွဲတွင် ကမ္မဋ္ဌာနာစရိယ ဆရာတော် မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်၏ နယ်လှည့်ဓမ္မကထိက သဃ်န်းကျွန်းမြို့နယ် ဝမ်းသာရွှေကျောင်း ဆရာတော် ဦးကုဏ္ဍလ (ဓမ္မာစရိယ)က သစ္စာလေးပါးတရားတော်များကို ဟောကြားပြသမည်ဖြစ်ရာ စခန်းဝင်လိုသော ယောဂီများ ဧပြီ ၁ ရက်တွင် ကြိုတင်စာရင်းများ ပေးသွင်းရန်နှင့် ဧပြီ ၁၀ ရက် ညနေ ၅ နာရီအရောက် လာရောက်ကြရန် နှိုးဆော်ထားသည်။ (က-ပ)

ကျိုက္ကော်အခြေခံပညာအထက်တန်းကျောင်း မြတ်ဆရာပူဇော်ပွဲနှင့် ရွှေရတုခန်းမဖွင့်

ရန်ကုန် ဧပြီ ၆

သထုံမြို့နယ် ကျိုက္ကော်အထကမှ အငြိမ်းစားယူသွားသည့် ဆရာ၊ ဆရာမများအား ပူဇော်ကန်တော့ပွဲကို မတ် ၂၇ ရက်ကလည်းကောင်း၊ ရွှေရတုခန်းမဖွင့်ပွဲကို မတ် ၂၈ ရက်ကလည်းကောင်း အဆိုပါကျောင်း၏ ရွှေရတုခန်းမသစ်၌ ကျင်းပသည်။

အခမ်းအနားတွင် ရွှေရတုခန်းမနှင့် ပတ်သက်သော စာရွက်စာတမ်းများကို ဆောက်လုပ်ရေးကော်မတီ အတွင်းရေးမှူး ဦးအေးလွင်က ပေးအပ်ရာ အမှတ်(၁) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစီထန်ဇာထွမ်းက လက်ခံရယူသည်။ **(အပေါ်ပုံ)**

(က-ပ)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင် မိုင် ၃၀ ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (ရန်ကုန်တိုင်း)

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဝန်းကျင် မိုင် ၃၀ ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် ဧပြီ ၆

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင် မိုင် ၃၀ ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင် မိုင် ၃၀ ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးအတွက် မိုးစပါး၊ နွေစပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်နှင့် စီးပွားဖြစ်သီးနှံများ ၁၂ လရာသီ စိုက်ပျိုးရေးစီမံဆောင်ရွက်လျက်ရှိကြောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဝန်းကျင် မိုင် ၃၀ ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးအတွက် စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရက ငွေကြေးမြောက်မြားစွာ အကုန်အကျခံပြီး ဖြည့်ဆည်းဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဝန်းကျင် မိုင် ၃၀ ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးအတွက် မိမိတို့တာဝန်ယူ ကြပ်မတ်ဆောင်ရွက်ရသည့် ဇုန်နယ်မြေများနှင့် ရန်ကုန်တိုင်းအတွင်းရှိ စိုက်ပျိုးမြေများ ကွက်လပ်မကျန် စိုက်ပျိုးနိုင်ရေး လုံ့လဝီရိယထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းတွင် လေယာဉ်တက်၊ ဆင်း လမ်းကြောင်းတစ်လျှောက် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးအတွက် ဇုန်တာဝန်ခံများက အသီးသီးတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက်ပြီး ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်ဝန်းကျင် မိုင် ၃၀ ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးအတွက် မိမိတို့ကဏ္ဍအလိုက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ (သတင်းစဉ်)

တောင်ဒဂုံဆီအုန်းစိုက်ပျိုးရေးစီမံကိန်း(ဘုတ်ပြင်း)မှ
အောက်ပါဝန်ထမ်းများအလိုရှိသည်။
လစာကောင်းကောင်းပေးမည်။
(ပြည်တွင်း၌သာခန့်ထားရန်)

တနင်္သာရီတိုင်း၊ ဘုတ်ပြင်းမြို့နယ်ရှိ တောင်ဒဂုံဆီအုန်းစိုက်ပျိုးရေးစီမံကိန်းတွင် တာဝန်ထမ်းဆောင်ရန်အတွက် အောက်ပါဝန်ထမ်းများ အလိုရှိပါသည်။

၁။ Chemist - B.Sc.(IC) ကျား (၁) ဦး
၂။ ဆီအုန်းခြံလုပ်သား ကျား (၈၀) ဦး

စိတ်ပါဝင်စားသူများသည် ဤကြော်ငြာချက်ပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း မိမိတို့၏ကိုယ်ရေးရာဇဝင်၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်တို့နှင့်အတူ Golden Flower Plaza အမှတ်(၂၁၄)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့သို့ လာရောက်လျှောက်ထားနိုင်ပါသည်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ မြေကွက်အမှတ်-၄၂၈(ဘီ)၊ အကွက်၂(အေ)၊ မြေအကျယ်အဝန်း ဧရိယာ ၀ ဒသမ ၃၄၉ ခန့်ရှိ မြေကွက်ကို အမည်ပေါက် ဦးဟုတ်စိန်(ခ)ဦးဟောက်ရှန်(ကွယ်လွန်)၏တရားဝင် အမွေစားအမွေခံ သမီးရင်း ဒေါ်ဝင်း(ကွယ်လွန်)၏ တရားဝင် အမွေစားအမွေခံ သားကြီးဖြစ်သူ ဦးမောင်မောင်(စီအီး-၀၈၄၃၈၅)ထံမှ ဝယ်ယူရန် ကျွန်ုပ်၏အမှုသည် ဦးစိုင်းဆမ်တစ်[၁၃/ကတန(နိုင်)၀၀၆၈၈၀]မှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း စာရွက်စာတမ်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဒေါ်နုနုဆွေရီ(၆၃၆၅)
ဥပဒေအကျိုးဆောင်
အမှတ်(၁၀၄/၁၀၆)၊ ဗိုလ်ချုပ်လမ်း၊
အမှတ်(၉)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း-၂၀၀၃၉၂။

အမည်ပြောင်းခြင်း

ဦးပန်းစိန်၏သား အထက(၃) တောင်ဥက္ကလာပ နဝမတန်း(C)မှ မောင်လင်းထွန်းအောင်ခင်အား မောင်လင်းမြတ်ကျော်ဟု အမည်ပြောင်းလဲခေါ်ပါရန်။

မောင်လင်းမြတ်ကျော်။

Thingyan. Water Festival @ Myanmar New Year
Come and enjoy our Water Festival
Thingyan Holiday Packages available right now!
(Inbound Program Only)

*** Chiang Mai/Bangkok/Singapore-Yangon-Mandalay-Yangon-Singapore/Bangkok/Chiang Mai**
- 6 Days/ 5 Nights {13th to 18th April '04}
- 5 Days / 4 Nights {11th to 15th April '04}
- 3 Days / 2 Nights {13th to 15th April '04}

*** Chiang Mai-Mandalay-Yangon-Chiang Mai**
- 4 Days/ 3 Nights {15th to 18th {April '04}

*** For further information, please kindly contact:**

Myanmar Travels & Tours (M.T.T)
Tel: 95-1-252859, 378376, 371910, 374281
Fax: 95-1-254417
Email:mtt.mht@mptmail.net.mm
Website: www.myanmars.net/mtt

Union of Myanmar Travel Association
Tel: 95-1-559672, 559673
Fax: 95-1-545707
Email: umta@mptmail.net.mm
Website: www.umtanet .com

Myanmar Hoteliers' Association
Tel:95-1-245323, 241905, 254812
Fax: 95-1-252806
Email: aone@mptmail.net.mm
Website:www.myanmarhoteliers'.com

P.E.S အင်္ဂလိပ်စကားပြောသင်တန်း
U WIN MAW (Research)
၁၈၊ ရတနာလမ်း၊ မြေနီကုန်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၅၀၃၉၈၄၊ ၂၂၂၄၂၈။

ရောင်းမည်

ဆန်နီပစ်ကပ် လ/ 88 မော်ဒယ် ကားသန့်၊အဲယားကွန်း၊ ဆာဗိုဘရိတ် မဂ္ဂနက်တိုက်-၀၉၅၀၁၃၆၈၄။

ခွေးရောင်းရန်

Australia, Simba နှင့် Thai import ကျ အမတို့မှ သားပေါက် အထီး/အမ(၂)လသားလှလှလေးများ ရောင်းရန်။ **၂၆၆၊ အောင်ဓမ္မရိပ်သာလမ်း၊ သမိုင်းလမ်းဆုံအနီး၊ ၆၆၆၇၀၉၊၆၆၂၉၇၂၊၀၉-၅၀၀၈၀၈၅။**

မွေးနေ့ဆုတောင်း

ဒုတိယဗိုလ်မှူးကြီးမြင့်သိန်း

၇–၄–၂၀၀၄မှာ ကျရောက်တဲ့ ၅၅နှစ်မြောက် မွေးနေ့မှစ၍ အသက်ထက်ဆုံးတိုင် လိုအင်ဆန္ဒများ ပြည့်ဝပါစေ–––။

ဇနီး – ဒေါ်မိမိလွင်
သား – သော်ထူးအောင်(သော်သော်)
သမီး – ဂျူမီအောင်(ဂျူးမ)
သမီး – ဂျေမီအောင်(ပူစူးမ)

(၂၅)နှစ်မြောက်မင်္ဂလာဆုတောင်း

ဖေဖေ ဗိုလ်ကြီး **စိုင်းအောင်လေး** မေမေ **ဒေါ်ချိုချိုစမ်း** တို့၏ ဧပြီလ (၇)ရက်နေ့တွင်ကျရောက်သော (၂၅)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်(၁၂၀)သို့ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် နိုင်ငံအကျိုးများ ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေ–––။

သားကြီး – စိုင်းသီဟအောင် B.A(Economics)
သားငယ် – စိုင်းသူရအောင် 2nd (Eco)
သမီးလေး – ရတနာချို 1st (Eco)

မွေးနေ့မင်္ဂလာဆုမွန်လွှာ

ချစ်သားကြီး မောင်ဘုန်းဇေယျာဝင်း(ခ)ဘိုးရာဇာ ၏

၇–၄–၂၀၀၄ရက်နေ့တွင် ပြည့်မြောက်သည့် (၁၆)နှစ်မြောက် မွေးနေ့မှသည် နောင်လာမည့်နှစ်များစွာ၏ မွေးနေ့ရာကျော်တိုင် ဘဝပန်းတိုင်တွင် ကိုယ့်အားကိုယ်ကိုးပြီး အောင်မြင်မှုသရဖူကိုဆောင်းကာ တိုင်းပြည်နှင့်အများပြည်သူအကျိုးကို ဆောင်ရွက်ပေးနိုင်သော ဗလငါးတန်ဖွံ့ဖြိုးသည့် သားကောင်းရတနာဖြစ်၍ ချစ်မိသားစုများနှင့်အတူ ဘဝခရီးလမ်းကို ချမ်းမြေ့ပျော်ရွှင်စွာ ဖြတ်သန်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်။

ဖေဖေ – ဦးကျော်ဝင်း + မေမေ – ဒေါ်ခင်အေးအေးသန်း
ညီလေး – မောင်ဘုန်းသစ်ဝင်း(ခ)ကိုဘုန်း
ညီမလေး – မမြတ်နိုးသဒ္ဒါ(ခ)နိုးနိုး

အမည်ပြောင်းခြင်း

ဦးစိုးမြင့်ဦး၏သား မောင်ဇော်မင်း အထက(၁)အင်းစိန် အဋ္ဌမတန်း(F)အား မောင်လှမင်းထက်ဟု လည်းကောင်း၊ သမီး မမို့မို့နိုင် အထက(၁)အင်းစိန် အဋ္ဌမတန်း (E)အား မမို့မို့ခိုင်ဟု လည်းကောင်း၊ သမီး မပြုံးအိအိစိုး အမက(၁) ဗဟိုအင်းစိန် တတိယတန်း(ဃ)အား မအိအိမွန်ဟုလည်းကောင်း အမည်ပြောင်းလဲခေါ်ပါရန်။

ပညာရေးဝန်ကြီးဌာန
ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန
အမှတ်–၁၂၃၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
၂၀၀၄–၂၀၀၅ပညာသင်နှစ်
လုပ်ခွင်အကြိုဆရာအတတ်ပညာကျွမ်းကျင်မှုသင်တန်းအမှတ်စဉ်(၁/၀၄)
သင်တန်းသားများခေါ်ယူခြင်း

၁။ ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာန၏အစီအစဉ်ဖြင့် ၂၀၀၄–၂၀၀၅ပညာသင်နှစ်အတွက် ပညာရေး ကောလိပ်များတွင် ဖွင့်လှစ်မည့် လုပ်ခွင်အကြိုဆရာအတတ်ပညာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၁/၀၄)သို့ တက်ရောက်လိုသူများ လျှောက်ထားနိုင်ပါသည်။

၂။ သင်တန်းဝင်ခွင့် လျှောက်ထားသူများသည် အောက်ပါအချက်များနှင့် ပြည့်စုံရပါမည်။

(က) လျှောက်ထားသူသည် မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်တစ်ခုခု(ယဉ်ကျေးမှုတက္ကသိုလ်အပါအဝင်)မှ ဘွဲ့(ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ စီးပွားရေးဘွဲ့) ရရှိပြီးသူဖြစ်ရမည်။

(ဂ) လျှောက်လွှာနှင့်အတူ ဘွဲ့လက်မှတ် ဓာတ်ပုံမိတ္တူ (သို့မဟုတ်) ဘွဲ့ရကြောင်း ထောက်ခံစာ ပူးတွဲတင်ပြရမည်။

(ဃ) မွေးသက္ကရာဇ်အထောက်အထားအတွက် လျှောက်လွှာနှင့်အတူ အခြေခံပညာ အထက်တန်းစာမေးပွဲအောင်လက်မှတ် ဓာတ်ပုံမိတ္တူကို ပူးတွဲတင်ပြရမည်။

